Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
ePaper-0001
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်

# စက်မှုသီးနှံ ကြံ ကို ရေရှည်တည်တံ့သော ထုတ်လုပ်မှုအဖြစ် ဖော်ဆောင်



ပြည်တွင်းစားသုံးမှု သကြားကုန်ကြမ်း အခြေခံ စားသောက်ကုန်လုပ်ငန်းများ နှင့် သကြားပို့ကုန် အတွက် အရေးပါသော စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်း တစ်ခုဖြစ်သည့် ကြံသီးနှံကို ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုအဖြစ် ဖော်ဆောင်နိုင်ရန်အတွက် ခေတ်မီနည်းပညာနှင့် အရည်အသွေးကောင်း မျိုးကြံများ ဖြန့်ဖြူးခြင်းစီမံကိန်း အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာ အထူး ရန်ပုံငွေ(၂၀၂၂)ဖြင့် ဆောင်ရွက်သည့် ကြံသီးနှံနည်းပညာပေးသင်တန်း ကို ဒီဇင်ဘာလ(၁၈) ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ ရှိ ကြံသီးနှံသုတေသန နှင့် နည်းပညာဖွံ့ဖြိုးရေးခြံ ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ၊ ဒုတိယဝန်ကြီးများ ၊ အမြဲတမ်းအတွင်းဝန် ၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ သင်တန်းသားကြံတောင်သူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က သင်တန်းဖွင့် အမှာစကား ပြောကြားရာ၌ မြန်မာကြံသကြားစက်မှုလုပ်ငန်း ရေရှည်တည်တံ့စေရန် ကြံတစ်ဧကထွက်နှုန်းတိုးတက်ရေး၊ သုတေသနလုပ်ငန်းများမှ ဖော်ထုတ်ရရှိသော အထွက်တိုးနည်းပညာများ၊ ရေမြေဒေသနှင့် ကိုက်ညီပြီး အရည် အသွေးမီ မျိုးကောင်းမျိုးသန့်များ၊ အထွက်ကောင်းကြံမျိုးများ တောင်သူလက်ဝယ်ကိုရောက်ရှိပြီး စိုက် ပျိုးနိုင်ရေး ကိုမိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လက်ရှိကြံရာသီတွင် စက်ရုံအရောက် ကြံတစ် တန်ဈေးနှုန်း ကျပ် ၁၁၀၀၀၀ မှ ၁၅၀၀၀၀ ကျပ် ဖြစ်၍ တောင်သူများအတွက် တွက်ခြေကိုက်သည့် ဈေးနှုန်းဖြစ်နိုင်ကြောင်း၊ တောင်သူများ အနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်ကြရန် တိုက်တွန်း ပါကြောင်း၊ ကြံသီးနှံ၏ ပန်းတိုင်အထွက်နှုန်း တစ်ဧက တန် ၃၀ ထွက်ရှိရေး ကြိုးပမ်း ကြခြင်းဖြင့် တစ်နိုင်ငံလုံးရှိ ကြံစိုက်ဧက ၄ သိန်းကျော်၏ ကြံအထွက် တိုး တက်ရေးနှင့် သကြားထုတ် လုပ်မှုမြင့်မားရေး ကြိုးပမ်းကြစေလိုကြောင်း၊ ဌာနက ဆောင်ရွက်ပေးလျက်ရှိသော တောင်သူပညာပေး စံနမူနာပြ စိုက်ကွင်းများ ထူထောင်ပြသခြင်း၊ တောင်သူပညာပေးလုပ်ငန်းများ၊ ကွင်းသရုပ် ပြပွဲများ၊ စံပြကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုးပြသခြင်း လုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် ပူးပေါင်း ပါဝင်ရန် လိုအပ်သည့်နည်းတူ ကြံစိုက်တောင်သူနှင့် သကြားစက်ရုံ အကြား အပေးအယူ မျှတကောင်းမွန်သော ကန်ထရိုက်လယ်ယာစနစ် (Contract Farming) တည်ထောင် ဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့စေရန် ချမှတ်ပေးထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဆောင်ရွက်မှု လုပ်ငန်းစဉ်များ (Standard Operating Procedure - SoP) နှင့်အညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကြံသီးနှံနည်းပညာပေး သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ၊ ဒုတိယဝန်ကြီးများနှင့် အခမ်း အနားတက်ရောက် လာကြသူများသည် ကြံမျိုးရင်းထိန်းသိမ်းစိုက်ပျိုးထားသော စိုက်ခင်းများ၊ တစ်သျှုးနည်းဖြင့်ထုတ်လုပ် ထား သော ကြံ မျိုး ပွားစိုက်ခင်းများ၊ လမ်းအထွက်ကောင်း စိုက်စနစ်ဖြင့် စိုက်ပျိုးခြင်း ၊ ကြံစိုက်စက်ဖြင့် စိုက်ပျိုးခြင်းများကို ကြည့်ရှုအားပေးကြ

စာ-၂ သို့

# မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေးအတွက် ဌာနနှင့် ပုဂ္ဂလိကများ ပူးပေါင်းဆောင်ရွက်

နေပြည်တော်၊ ဒီဇင်ဘာ ၁၉

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး သည် ဒီဇင်ဘာလ ၁၈ ရက်နေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မွေး မြူရေး လုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းဝေးခန်းမ၌ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိရစ္ဆာန်အစာထုတ်လုပ်သူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အသား ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေး နှင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေး အတွက် ဌာန နှင့် ပုဂ္ဂလိကများ ပူးပေါင်းဆောင်ရွက်ရန်၊ ဈေး ကွက်လိုအပ်ချက် ထုတ်လုပ်မှု ဟန်ချက်ညီ ဖြစ်စေရေး၊ မွေးမြူ ရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု၊ တန်ဖိုးမြှင့် ကုန်ချောများ အားကောင်းလာစေရန် ၊ အသေးစား အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ခိုင်မာသော ဈေးကွက် ဖော်ဆောင်ပေးနိုင်ရေး၊ ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ်(GAHP-ဂျီအေအိပ်ပီ)နှင့်အညီ မွေးမြူထုတ်လုပ်မှု သောဈေးကွက် စံချိန်စံညွှန်းမီ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေး ဆိုင်ရာများကို ဆွေးနွေး ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် နှင့် ညီနောင် အသင်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ အပေါ် ဒုတိယဝန်ကြီး က ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

■

---

ရှေ့ဖုံးမှ-

သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် မြန်မာ နိုင်ငံတွင် ရေရှည်တည်တံ့သော ကြံစိုက်ပျိုးထုတ် လုပ်မှုကို ဖော်ဆောင်နိုင်ရန် အတွက် ခေတ်မီနည်းပညာနှင့် အရည်အသွေးကောင်း မျိုးကြံများ ဖြန့်ဖြူးခြင်း စီမံကိန်း အရ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး ၊ မကွေး တိုင်းဒေသကြီး တို့တွင် စီမံကိန်းသက်တမ်းက ၂ နှစ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ် ကြောင်း၊ တောင်သူများ၏ နည်းပညာအခက်အခဲများ သိရှိရန် စစ်တမ်းကောက်ယူခြင်း၊ နည်းပညာအသစ်များကို တောင်သူများ ကျင့်သုံးလာနိုင်ရန်အတွက် ကြံသီးနှံနည်းပညာပေး သင်တန်းများပြုလုပ်ခြင်း၊ နည်းပညာပေး စမ်းသပ်ကွက်၊ စံပြကွက်များ၊ သရုပ်ပြပွဲများ ဆောင်ရွက်ပြသခြင်း၊ ကြံသီးနှံမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ လိုအပ်သည့် ကြံစိုက်စက်၊ ဆေးဖြန်းပုံးများ စသည့် ကွင်းလုပ်ငန်းသုံး ပစ္စည်းများ ပံ့ပိုးခြင်း လုပ်ငန်းများ ပါဝင်ကြောင်း၊ ယခုဖွင့်လှစ်သည့် ကြံသီးနှံနည်းပညာပေးသင်တန်းတွင် တောင်သူများ နှင့် ဌာနတွင်း သင်တန်းသား (၆၀)ဦး တက်ရောက်လေ့လာလျက်ရှိပြီး လမိုင်းအထွက်ကောင်း စိုက်ပျိုးနည်းစနစ် နှင့် ကြံစိုက် စက်ဖြင့် စိုက်ပျိုးနည်းစနစ် တို့ကို ဒီဇင်ဘာလ(၁၈) ရက်နေ့ မှ (၂၀) ရက်နေ့အထိ (၃)ရက်ကြာ လက်တွေ့ပြသ ရှင်းလင်းခြင်း ဆွေးနွေးအသိပညာ ဖလှယ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့် ဒုတိယဝန်ကြီးများသည် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ တောင်သူစိုက်ကွင်းတွင် လူအား၊ စက်အားတို့ဖြင့် ကြံခုတ်သိမ်း နေမှုကို ကြည့်ရှုအားပေးပြီး မြေပြင်စိုက်ပျိုးသည်မှ ခုတ်သိမ်းသည်အထိ စက်ကိရိယာများ အသုံးပြုရေး၊ သီးနှံဘေးထွက် အကြွင်းအကျန်များကို မီးရှို့ခြင်းမပြုပဲ သဘာဝမြေဩဇာ အဖြစ် ပြန်လည်အသုံးပြုကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော ရေရှည် တည်တံ့သည့် စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်များ ကို တောင်သူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့မှတဆင့် ပြည်ထောင်စုဝန်ကြီး နှင့် ဒုတိယဝန်ကြီးများသည် စိုက်ပျိုးရေး ဦးစီးဌာနပိုင် စက်ရုံ အား ယုဇနကုမ္ပဏီလီမိတက်က ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် ပျဉ်းမနား သကြားစက်ရုံ၏ ကြံဝယ်ယူရေးလုပ်ငန်း၊ သကြားထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး စက်စွမ်းအားပြည့်လည်ပတ် နိုင်ရေး၊ စက်ရုံလိုအပ်သည့် ကုန်ကြမ်းအပြည့်အဝ ရရှိနိုင်ရေး အတွက် လုပ်ငန်းရှင်နှင့် တောင်သူများ ပူးပေါင်း ဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ပီပြင်စွာ လုပ်ကိုင်ရန် လိုအပ်ချက်များ၊ ကြံမျိုးကောင်း မျိုးသန့်ရရှိရေးနှင့် နည်းပညာအပါအဝင် လိုအပ်ချက်များ ကို တည်ဆဲ ဥပဒေများနှင့်အညီ ဌာနဘက်က ပံ့ပိုးကူညီပေးနိုင်မည့် အခြေ အနေများ၊ ပုဂ္ဂလိက ရင်း နှီး မြှုပ်နှံမှု တိုးချဲ့နိုင်ရေး အခွင့် အလမ်း များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

THE AGRIBIZNEWS

**တာဝန်ခံအယ်ဒီတာ**
ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ကျော်သူနိုင်
အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း(မြ-၀၀၄၁၀)

ရုံးအမှတ်(၄၃) စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ဖုန်း-၀၆၇-၃၄၁၀၁၄၂




# အယ်ဒီတာအဖွဲ့၏ နှစ်သစ်ဆုမွန်

မင်္ဂလာရှိသော နှစ်သစ်တွင် ကိုယ်စိတ်နှလုံး ရွှင်ပြုံးကြည်သာ ရှိကြပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။

၂၀၂၄ နှစ်ဦး ဇန်နဝါရီ ၁ ရက်နေ့မှစ၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဒစ်ဂျစ်တယ်စာစောင်ဖြစ်သည့် The Agribiz News ကို နှစ်သစ်ဦးနှုတ်ခွန်းဆက်ဆုမွန်နှင့်အတူ on-line တွင် စတင် မိတ်ဆက်ခွင့် ရသည့်အတွက် ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်တွင်းပြည်ပ လယ်ယာသတင်းများ၊ ဆောင်းပါးများ၊ သတင်းအချက်အလက်များကို တတ်နိုင်သမျှ မြိုင်မြိုင်ဆိုင်ဆိုင် ပြည့်ပြည့်စုံစုံတင်ဆက်ရန် ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း

ယခင်နှင့်မတူ လူတိုင်းထိတွေ့နိုင်သည့် အိုင်တီပလက်ဖောင်းမှတစ်ဆင့် တင်ဆက်ခွင့်ရခြင်းအတွက် ဝမ်းသာပီတိ ဖြစ်ရခြင်းနှင့်အတူ ဝေဖန်သုံးသပ် အကြံပြုချက်များကိုလည်း များစွာမျှော်လင့်ပါကြောင်းနှင့်

နှစ်သစ် တွင် စာဖတ်သူပရိတ်သတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ဘဝတွင် အောင်မြင်မှုများ ရရှိကာ သာယာပျော်ရွှင်ဖွယ် မိသားစုဘဝများ တည်ဆောက်နိုင်ပါစေကြောင်း လေးမြတ်စွာ ထပ်မံဆုမွန်တောင်းအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**



# ညောင်ဦးတွင် ဖီးကြမ်းငှက်ပျော ဈေးကောင်းရ

**ညောင်**ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ လက်ပံချေပေါ်ကျေး ရွာအုပ်စုတွင် မြေအောက်ရေ ပိုက်လိုင်းစနစ်ဖြင့် ဖီးကြမ်းငှက်ပျော စိုက်ပျိုးခြင်းမှ ဝင်ငွေရရှိကြသောကြောင့် ဒေသခံတောင်သူများ အဆင်ပြေ ပျော်ရွှင်နေကြကြောင်း ငှက်ပျောစိုက်တောင်သူများ ပြောကြားချက်အရ သိရှိရသည်။

ညောင်ဦးမြို့နယ်ရှိ ငှက်ပျောစိုက်တောင်သူများသည် တပေါင်းလနှင့် တန်ခူးလတို့တွင် ငှက်ပျော စတင်စိုက်ပျိုးလေ့ရှိကြသည်။ လက်ပံချေပေါ်ကျေးရွာမှ ဒေသခံတို့သည် ငှက်ပျောရာသီတွင် ဝယ်လိုအားများသည့် ဖီးကြမ်းငှက်ပျောကိုသာ စိုက်ပျိုးကြသည်။ တနည်းအားဖြင့်ဆိုရသော် ရခိုင်ငှက်ပျော (Musa sapientum) စိုက်ပျိုးသူမှာ အလွန်နည်းပါးကြောင်း ငှက်ပျော တောင်သူဦးတင်စိုးကိုက ပြောကြားသည်။

ဖီးကြမ်းငှက်ပျော စိုက်ပျိုးရာတွင် စိုက်ခင်းအတွင်း တစ်ကျင်းလျှင် ငှက်ပျောပင်တစ်ပင် (သို့)နှစ်ပင်နှုန်း စိုက်ပျိုးလေ့ရှိကြသည်။ တစ်ကျင်းလျှင် တစ်ပင်နှုန်း စိုက်ပျိုးသူများသည် အပင် ဟောင်းမှ အပင်ပေါက် ထွက်ရှိသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ အသစ်ပြန်လည်စိုက်ပျိုးကြသည်။ တစ်ကျင်းလျှင်နှစ်ပင်နှုန်း စိုက်ပျိုးကြသူများကမူ အစို့ပေါက်များရရှိရန်အတွက် တစ်ပင်ချန်ထားလေ့ရှိသည်။

ငှက်ပျောပင်များမှ ငှက်ပျောခိုင်စတင်ရရှိရန် (၁၀)လ သို့မဟုတ် (၁၁)လခန့် ကြာမြင့် ပါသည်။ ငှက်ပျောသီးများကို ညောင်ဦး၊ ပခုက္ကူနှင့် ကျောက်ပန်းတောင်းမြို့နယ်များရှိ ကုန်သည် များထံ ရောင်းချပါသည်။ ယခုအခါ လက်ပံချေပေါ်ဒေသရှိ တောင်သူများသည် ငှက်ပျောပင်ကို မြေအောက်ရေစနစ်ဖြင့် စိုက်ပျိုးလျက်ရှိပြီး ငှက်ပျောခိုင်တစ်ခိုင်လျှင် ငွေကျပ် (၂၀၀၀-၂၅၀၀)ကြား ရရှိကြောင်း သိရှိရသည်။

# ပြည်ထောင်စုနယ်မြေတွင် စက်မှု-စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားမှုကြည့်ရှုစစ်ဆေး



နေပြည်တော်၊ ဒီဇင်ဘာ ၂၁

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးမွေးမြူရေးပညာရပ်များ တစ်နိုင်ငံလုံးသို့ ပြန့်ပွားစေပြီး နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုစေရန်၊ လူစွမ်းအားအရင်းအမြစ်များ ထွန်းကားရေးအတွက် သာမက ကျောင်းသား ကျောင်းသူများ၏ အသက်မွေး ဝမ်းကျောင်း ပညာလမ်းသွယ်များ ဖော်ဆောင်ပေးရန် စိုက်ပျိုးရေးနှင့် မွေးမြူ ရေးအထက်တန်း ပညာများ ကို တိုင်းဒေသကြီး ပြည်နယ်များ၌ ခရိုင်အလိုက် မြို့နယ်အလိုက် အစိုးအခြေခံပညာ အထက်တန်း ကျောင်းများတွင် တွဲဖက်ဖွင့်လှစ်ပေးလျက်ရှိရာ နေပြည်တော်ကောင်စီ နယ်မြေတွင်ဖွင့်လှစ်လျက်ရှိသည့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်း ကျောင်း နှင့် ပျဉ်းမနားမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်းများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းပညာ သင်ကြားပို့ချပေးနေမှုများကို ဒီဇင်ဘာလ (၂၁)ရက် နံနက်ပိုင်း တွင် စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် နေပြည်တော် စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး က စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းပညာများ တွဲဖက်ဖွင့်လှစ်ပေးရခြင်း၏ ရည် ရွယ်ချက်၊ ကျောင်းသား ကျောင်းသူ ခေါ်ယူသည့်အစီအစဉ်၊ နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း ဖွင့်လှစ်မှု အခြေအနေ၊ စက်မှု၊ စိုက်ပျိုးရေး နှင့် မွေးမြူရေး အထက်တန်း ကျောင်းများတွင် ပို့ချပေးမည့် ဘာသာရပ်များ၊ သင်ယူပြီး မြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ဆက်လက်ပညာသင်ယူ နိုင်မည့် ပညာရေး အခွင့်အလမ်းများ နှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အတတ်ပညာများ တွဲဖက် သင်ကြားမည့် အခြေခံပညာအထက်တန်း ကျောင်းများ နှင့်ပတ်သင်၍ ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယ ဝန်ကြီး ဒေါက်တာတင်ထွဋ် က ဆွေးနွေး မှာကြားရာ၌ ခေတ်အဆက်ဆက်က နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး အထက်တန်း ကျောင်းများ ဖွင့်လှစ်ပို့ချခဲ့သည့် သင်ရိုးညွှန်းတမ်းများ စာအုပ်စာတမ်းများကို ရှာဖွေစုဆောင်းပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက် ချက် သမိုင်းအမွေအနှစ်များကို လေ့လာ နိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ခေတ်မီ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို စားရေရိက္ခာဖူလုံရေး ထုတ်လုပ်မှုဘာသာရပ် အဖြစ် နားလည်သဘောပေါက်ရန် လိုကြောင်း ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်များကို သင်ယူကြမည့် ကျောင်းသား ကျောင်းသူများ ၏ စိတ်ထဲနှလုံးထဲ စွဲစွဲထင်ထင်ကျန်ရစ် နေစေရန်နှင့် အမှန်တကယ်ကျွမ်းကျင်သော စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရှင်များ ပေါ်ထွန်း လာစေရန် သင်ကြားရေးစွမ်းရည်သည် ပဓာန ကျသည့် အတွက် သက်ဆိုင်ရာ ဆရာ ဆရာမများ အနေဖြင့် အလေးထားကြိုးပမ်းပေးကြရန် နှင့် လက်တွေ့ဘဝကို အခြေခံသည့် သင်ကြား သင်ယူမှုဆောင်ရွက်နိုင်ရေး တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများသည် စာသင်ခန်းများအတွင်း ဆောင်ရွက်လျက်ရှိသည့် သင်ကြားသင်ယူခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး မွေးမြူရေးဘာသာရပ်များကို လေ့လာအားထုတ်မှု ပြင်းပြသောဆန္ဒများ ပေါ်ပေါက်လာစေရေး ဟောပြောပို့ချခြင်းနှင့် လက်တွေ့စိုက်ကွင်းများကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အလားတူ ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းများတွင် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး နှင့် မွေးမြူရေးအထက်တန်းပညာစာတွေ့သင်ကြားပို့ချပေးနေမှုနှင့် လက်တွေ့ စိုက်ကွင်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။ အခြေခံပညာအထက်တန်းကျောင်းများ တွင် တွဲဖက်ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းပညာ အတွက် စာသင်နှစ်(၁)နှစ်လျှင် ကျောင်း(၁)ကျောင်း၌ စိုက်ပျိုးရေး ကျောင်းသား ၊ ကျောင်းသူ (၃၀) ဦးနှင့် မွေးမြူရေး ကျောင်းသား၊ ကျောင်းသူ (၃၀) ဦး စုစုပေါင်း (၆၀)ဦးအား သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူသင်ကြားပေးလျက်ရှိကြောင်း၊ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး ကောင်းမွန်သူ ၊ အခြေခံပညာအထက်တန်း KG+9 အောင်မြင်ပြီး လျှောက်လွှာပိတ်ချိန်တွင် အသက် (၂၀) နှစ် ထက် မကြီးသူများ တက်ရောက်သင်ယူနိုင်ကြကြောင်း၊ သင်တန်းကာလ (၃)နှစ် ပြီးမြောက်၍ အောင်မြင်ပါက အခြေခံပညာအထက်တန်း (စိုက်ပျိုးရေး)၊ အခြေခံပညာအထက်တန်း (မွေးမြူရေး)ပြီးမြောက်ကြောင်း အောင်လက်မှတ် ပေးအပ်ချီးမြှင့်မည်ဖြစ်ကာ လုပ်ငန်းခွင်သို့ ဝင်ရောက်လိုက ဝင်ရောက်နိုင်ပြီး ဆက်လက်၍ အဆင့်မြင့်စိုက်ပျိုးမွေးမြူရေး ပညာရပ်များ ကို သင်ယူလိုက သင်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ePaper ကို

www.agribiznews.com.mm

တွင်

ဖတ်ရှုနိုင်ပါသည်။

# တရုတ်နိုင်ငံသို့ တင်ပို့မည့် ဖရဲသီးများ အရည်အသွေးကောင်းမွန်စေရေး ထိန်းသိမ်းမှုအရေးကြီး



ဖရဲသီးကုန်သည်များသည် ထိခိုက်ပျက်စီးမှုများနှင့် ကုန်တင်ကုန်ချ အပျက်အစီးများကြောင့် အရည်အသွေးကောင်းမွန်သော ဖရဲသီးများကို ပိုမိုရွေးချယ်ဝယ်ယူလာကြကြောင်း ခွာညို သစ်သီးကုန်စည်ဒိုင်အရ သိရှိရသည်။

လက်ရှိတွင် လွယ်ဂျယ်နှင့် မိုင်းလား ကုန်သွယ်ရေးလမ်းကြောင်းများမှတဆင့် တရုတ် နိုင်ငံသို့ ဖရဲနှင့်သခွားမွှေးသီးများကို တင်ပို့လျက်ရှိသည်။ ခရီးလမ်းကြမ်းတမ်းမှုကြောင့် ဖရဲနှင့် သခွားမွှေးသီးများ စွာပျက်စီးဆုံးရှုံးခဲ့ရပြီး အမြတ်အနည်းငယ်သာ ရရှိခဲ့ကြောင်း ခွာညို သစ်သီးကုန်စည်ဒိုင်မှ စိုင်းခင်မောင်က ပြောကြားသည်။

လွယ်ဂျယ်နှင့်မိုင်းလား ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ကုန်ပို့နေရသော ကုန်သည်များသည် အခက်အခဲများကို ရင်ဆိုင်နေရပြီး အဆိုပါကုန်သွယ်ရေး လမ်းကြောင်းကို နယ်စပ်ကုန်သွယ်မှု ရပ်ခြည်းရပ်တန့်သွားခြင်း မရှိစေရေးအတွက်သာ အသုံးပြုနေရခြင်း ဖြစ်သည်။ ကြံ၊ တစ်သျှူး၊ ငှက်ပျော နှင့် ဖရဲသီး အမြောက်အများ ထွက်ရှိသည့်ရာသီချိန်တွင် ၎င်းသည် လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းအပေါ် သက်ရောက်မှုများ ဖြစ်စေသည်။ မိုင်းလားနယ်စပ် ကုန်သွယ်ရေးစခန်းတွင် ဖရဲသီး ကုန်တင်ကား သွားလာမှုများ လျော့နည်းလာသည်။ တင်ပို့သူများသည် ကုန်တင်ကား တစ်စီးလျှင် မြန်မာကျပ်ငွေ(၁၂)သန်းခန့်ဖြင့် ရင်းနှီးမြှုပ်နှံထားပြီး ခရီးတိုထရပ်ကား ဝန်ဆောင်မှု၊ အလုပ်သမားငှားရမ်းခ နှင့် အမိုက်သန့်ရှင်းရေး ကုန်ကျစရိတ်များ အပါအဝင်ဖြစ်သည်။ လက်ရှိ သခွားမွှေးသီး ဈေးနှုန်းများမှာ တစ်ကီလိုလျှင် (၂-၃)ယွမ်ရှိပြီး ထရပ်ကားတစ်စီး လက်ငင်းဝယ်ယူမှုမှာ ယွမ် (၅၀၀၀)ခန့်ရှိသည်။ ဖရဲသီး တစ်ကီလိုဂရမ်လျှင် (၃-၄)ယွမ်သာ ရရှိသည့် အတွက် အမြတ် ရရှိရန်မှာ မသေချာပါ။

ဖရဲနှင့် သခွားမွှေးသီး များသည် တာရှည်ခံသော ကုန်ပစ္စည်းများ မဟုတ်သည့်အတွက် ဖရဲသီး အရည်အသွေးကောင်းမွန်မှသာ အပျက်အစီးမရှိဘဲ တာရှည်ခံနိုင်ကြောင်း ၎င်းက အလေးထားပြောကြားခဲ့သည်။

အချို့သော နယ်စပ်ကုန်သွယ်ရေးဂိတ်စခန်းများတွင် မမျှော်မှန်းနိုင်သော အခြေအနေများနှင့် အခက်အခဲ အနှောက်အယှက်များကြောင့် ကုန်သည်များသည် တရုတ်နိုင်ငံသို့ ဖရဲသီး တင်ပို့မှုအတွက် အလားအလာရှိသော ကုန်သွယ်ရေးလမ်းကြောင်းများမှတဆင့် ပြောင်းလဲတင်ပို့ရန် အားထုတ်ခဲ့ကြသည်။

မြန်မာနိုင်ငံမှ ဖရဲသီး များကို တရုတ်နိုင်ငံသို့ အဓိက တင်ပို့ကြသည်။ သို့သော် တရုတ်နိုင်ငံ တွင် မူဝါဒအပြောင်းအလဲများကြောင့် သစ်သီးကုန်သည်များသည် စိန်ခေါ်မှုများနှင့် ဆက်လက် ရင်ဆိုင်နေရသည့် ဖိအားများ ကြုံတွေ့နေရသည်။

ဖေဖော်ဝါရီလအစောပိုင်းတွင် တရုတ်အကောက်ခွန်ရုံးများ၏ တင်းကျပ်သောစစ်ဆေးမှု များကြောင့် ကုန်တင်ကား သွားလာမှုများကို အဟန့်အတားဖြစ်စေခဲ့သည်။ ထို့ကြောင့် ဝယ်လိုအား မြင့်မားသော်လည်း ကုန်တင်ကား (၂၀-၃၀)စီးသာ စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်နိုင်ခဲ့ပါသည်။ ထို့ကြောင့် တရုတ်နိုင်ငံဘက်ခြမ်းရှိ ကုန်စည်ဒိုင်များတွင် ဖရဲသီးများ ရောင်းကုန်ခဲ့ကြပြီး မြန်မာ နိုင်ငံဘက်ခြမ်းတွင် ကုန်တင်ကား (၅၀၀)ကျော် တန်းစီနေရသည်။

(၂၀၂၁)ခုနှစ်တွင် ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဖရဲသီးနှင့်သခွားမွှေးသီး တင်ပို့မှုများအပေါ် အဟန့်အတားဖြစ်စေခဲ့ပါသည်။ တရုတ်အကောက်ခွန်ရုံး၏ စည်းမျဉ်းစည်းကမ်းများကြောင့် တင်ပို့မှုအပေါ် နှောင့်နှေးမှုများ ပိုမိုဖြစ်စေခဲ့ပါသည်။ ကုန်တင်ကားများ အချိန်ကြန့်ကြာမှုကြောင့် ဖရဲသီး၏အရည်အသွေးကို ထိခိုက်စေခဲ့ပြီး တရုတ်နိုင်ငံသို့ တင်ပို့သော ကုန်တင်ကား (၅) စီးလျှင်(၁)စီးသာ ဖရဲသီး အရည်အသွေး ပျက်စီးဆုံးရှုံးမှုမရှိဘဲ ကျန်ရှိပါသည်။ ဖရဲသီးသည် ပုပ်သိုးပျက်စီးလွယ်သည့် သစ်သီးဖြစ်သည့်အတွက် တရုတ်နိုင်ငံအပြင် ဈေးကွက်သစ်များ ရှာဖွေရာတွင် ကုန်သည်များသည် တင်ပို့သည့်အချိန်၊ ဈေးနှုန်း နှင့် အကျိုးအမြတ် များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း https://www.gnlm.com.mm တွင် အကြံပြုထားသည်။

နွေးနွေးအောင်

# ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးနှုန်း ပြန်တက်လာ

မတ်ပဲ FOB ဈေးနှုန်းတက်ပြီးနောက် ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေး တဖြည်းဖြည်း မြင့်တက်လာသည်။ နိုဝင်ဘာလ (၂၉)ရက်နေ့တွင် တစ်တန်လျှင် ကျပ် (၂.၇၈)သန်းသာ ရှိခဲ့သော်လည်း ဒီဇင်ဘာလ (၆) ရက်နေ့တွင် တစ်တန်လျှင် ကျပ် (၂.၉၈)သန်းသို့ ပြန်လည်ရောက်ရှိခဲ့ပြီး တစ်ပတ်အတွင်း မတ်ပဲ တစ်တန်လျှင် ကျပ် (၂၀၀,၀၀၀)ကျော်အထိ သိသိသာသာ ဈေးမြင့်တက်လာခဲ့သည်။

မြန်မာနိုင်ငံသည် မတ်ပဲ နှင့် ပဲစဉ်းငုံကို အိန္ဒိယသို့ အဓိက တင်ပို့နေပြီး ပဲတီစိမ်းကို တရုတ် နှင့် ဥရောပသို့ တင်ပို့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်၊ ဧပြီလ (၁)ရက်နေ့မှစတင်၍ လက်ရှိဘဏ္ဍာရေးနှစ်၏ (၈)လနီးပါးအတွင်း မြန်မာနိုင်ငံ ပဲမျိုးစုံ



(၁၀၄၆၀၀၀)တန် တင်ပို့မှုမှ ရရှိသည့်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၈၈၄)သန်း ကျော် ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ယခင် (၂၀၂၂-၂၀၂၃)ဘဏ္ဍာနှစ်တွင် တန်ချိန် (၁.၉)သန်းကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၁.၄၇)ဘီလီယံကျော်ရရှိခဲ့ကြောင်း သိရှိရသည်။

ဟေမာန်အောင်မင်း

# စိုက်ပျိုးရေးပို့ကုန်မှ ကန်ဒေါ်လာ (၄)ဘီလီယံနီးပါး ကမ္ဘောဒီးယားရရှိ

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ပထမ (၁၁)လအတွင်း နိုင်ငံတကာဈေးကွက်များသို့ စိုက်ပျိုးရေးထွက်ကုန် တန်ချိန် (၇.၃) သန်းအထက် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၄)ဘီလီယံ နီးပါး ရရှိခဲ့ကြောင်း၊ နိုဝင်ဘာလအတွင်း ပို့ကုန်ပမာဏမှာ တန်ချိန်(၁)သန်းအထက်ရှိကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန အစီရင်ခံစာအရ သိရှိရသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ စိုက်ပျိုးရေးပို့ကုန် ပမာဏမှာ တန်ချိန် (၇,၃၁၄,၁၉၀)ခန့် ရှိသည်။ အဆိုပါ စိုက်ပျိုးရေးပို့ကုန်များတွင် ဆန် တန်ချိန် (၅၉၅,၆၃၀)၊ စပါး တန်ချိန် (၂,၄၉၇,၀၇၅) နှင့် စပါးမဟုတ်သော အခြားစိုက်ပျိုးရေးထွက်ကုန် တန်ချိန်(၄,၂၂၀,၄၈၅)တို့ ပါဝင်ပြီး နိုင်ငံပေါင်း (၇၅)နိုင်ငံနှင့် ဒေသအသီးသီးသို့ တင်ပို့ခဲ့သည်။ ၎င်းတင်ပို့မှု ပမာဏသည် (၂၀၂၂)ခုနှစ်၊ အလားတူကာလနှင့် နှိုင်းယှဉ်ပါက (၄.၆%)ခန့် လျော့နည်းသွားကြောင်း စိုက်ပျိုးရေး ဦးစီးဌာနမှ ဒီဇင်ဘာလ (၅)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ သိရှိရသည်။

အဆိုပါတင်ပို့မှု စုစုပေါင်းမှ အမေရိကန်ဒေါ်လာ (၃.၉၀၉) ဘီလီယံခန့် ရရှိခဲ့ရာ ၎င်း တို့တွင် ဆန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၅၁၅.၂၂)သန်း၊ စပါးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၈၄၀.၂၈)သန်း နှင့် စပါးမဟုတ်သော အခြားစိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၂.၅၅၄)ဘီလီယံခန့်တို့ပါဝင်သည်။

တင်ပို့မှုပမာဏ အနည်းငယ်ကျဆင်းရသည့် အကြောင်းအရင်းများမှာ ကမ္ဘာလုံး ဆိုင်ရာ ကုန်သွယ်ရေးစီးဆင်းမှုများကို ထိခိုက်စေသော ပထဝီဝင်နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများ နှင့် စစ်ပွဲများ၊ နိုင်ငံအတွင်း စပါးကုန်ကျစရိတ်မြင့်မားခြင်းနှင့် ပို့ကုန်များတင်ပို့ရာတွင် မမျှော်လင့်သော ကုန်ကျ စရိတ်များကြောင့်ဖြစ်ကြောင်း ဌာနက သုံးသပ်တင်ပြခဲ့သည်။

ပြည်တွင်းထွက်ကုန်များအတွက် အထောက်အပံ့များရရှိစေရန် စိုက်ပျိုးရေးထွက်ကုန် တင်ပို့မှုစွမ်းဆောင်ရည်များ မြှင့်တင်ရန် လိုအပ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဘေးကင်းလုံခြုံ စိတ်ချရသော ငါး၊ အသားနှင့် ဟင်းသီးဟင်းရွက်အဖွဲ့အစည်း (CSFMVA) ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Sok Yorn က နိုဝင်ဘာလ (၅)ရက်နေ့တွင် ပြောကြားခဲ့သည်။

ဟင်းသီးဟင်းရွက်ကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်များ၏ ပြည်တွင်းဈေးနှုန်းများ မြင့်တက် နေသောကြောင့် လက်ရှိတွင် အိမ်နီးချင်းနိုင်ငံများမှ သွင်းကုန်များအပေါ် မှီခိုအားထား နေရကြောင်း၊ သွင်းကုန်များအပေါ် ခိုင်မာသော အရည်အသွေးထိန်းချုပ်မှုနည်းလမ်းများ လိုအပ်ပြီး ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရန် တောင်သူများအား မက်လုံးများပေးရန်လည်း လိုအပ်ကြောင်း Yorn က အလေးထားပြောကြားခဲ့ပါသည်။

ပြည်တွင်းထွက်ကုန်များကို အထောက်အပံ့ပေးခြင်းသည် စိုက်ပျိုးထုတ်လုပ်မှု မြင့်တက် လာစေပြီး ပို့ကုန်တင်ပို့မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း Yorn က ဆက်လက်ပြောကြားခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားစေရန် ကမ္ဘောဒီးယားအစိုးရသည် ပြည်သူ့လုပ်ငန်း နှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအား စိုက်ပျိုးရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ရပ်ရွာများတွင် တာဝန်ထမ်းဆောင်ရန်အတွက် စိုက်ပျိုးရေးအရာရှိများ ခေါ်ယူသည့် စာမေးပွဲများ လုပ်ဆောင်ရန် မကြာသေးမီက တရားဝင်ခွင့်ပြုခဲ့သည်။

တော်ဝင်အုပ်ချုပ်ရေးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် "ကျေးရွာစိုက်ပျိုးရေးအရာရှိသစ် ခေါ်ယူမှုယှဉ်ပြိုင်ပွဲ-၂၀၂၃" သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ပြည်နယ်အချို့ရှိ ရပ်ရွာ (၂၅၀)တွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်မည့် ဝန်ထမ်းဦးရေ (၂၅၀)အတွက် ပထမအကြိမ် ခေါ် ယူခြင်းဖြစ်ကြောင်း ဒီဇင်ဘာလ (၄)ရက်နေ့တွင် ကျင်းပသည့်ညီလာခံတွင် စိုက်ပျိုးရေးဝန်ကြီး Dith Tina က ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါအစီအစဉ်အရ (၂၀၂၄) ခုနှစ်တွင် လူဦးရေ (၈၀၀) နှင့် (၂၀၂၅) ခုနှစ်တွင် ထပ်မံ၍ လူဦးရေ (၅၅၀)ဦး ခေါ်ယူခန့်အပ်သွားရန် စီစဉ်ထားရှိလျက် ရှိကြောင်း သိရှိရသည်။

နွေးနွေးအောင်

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ Jashore တွင် ကြက်သွန်စိုက်ပျိုးမှု လျာထားချက် ကျော်လွန်

ခရိုင်အတွင်း ကြက်သွန်နီစိုက်ပျိုးမှုသည် အစိုးရမှ ချမှတ်ထားသည့် လျာထားချက်ထက် ကျော်လွန်လျက်ရှိသည်။ ခရိုင်အတွင်းရှိ တောင်သူများသည် အထွက်နှုန်းမြင့်မားရန်နှင့် ဒေသဈေးကွက် တွင် ကြက်သွန်နီ ဝယ်လိုအားတိုးတက်ရန်အတွက် လယ်မြေများတွင် အများဆုံးစိုက်ပျိုးကြသည်။

စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေးဦးစီးဌာန (DAE) ၏ သတင်းရင်းမြစ်များအရ ယခင်နှစ်က ခရိုင်အတွင်းရှိ upazilas ၈ ခု ၏ မြေ ၁,၂၀၀ ဟက်တာတွင် ကြက်သွန်နီများ စိုက်ပျိုးခဲ့ကြောင်း သိရပါသည်။ အစိုးရက ခရိုင်အတွင်း လက်ရှိရာသီတွင် ကြက်သွန်နီစိုက်ပျိုးရန် မြေဧက (၁၅၀၀)ဟက်တာ လျာထားကြောင်း၊ အမှန်စိုက်ပျိုးမှုမှာ ဟက်တာ (၁၅၀၀)ကျော်လွန်လျက်ရှိ ကြောင်း သိရသည်။ မြေဟက်တာ(၃၀၀)တွင် N-53 နွေကြက်သွန်နီမျိုးများကို စိုက်ပျိုးထားသည်။ ခရိုင်အတွင်း ကြက်သွန်နီအထွက်နှုန်းမြှင့်တင်ရန် မက်လုံးပေးသည့်အနေဖြင့် တောင်သူ (၂၅၀၀)ကို မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ဖြန့်ဝေခဲ့သည်။ ကြက်သွန်နီများ စတင်ရိတ်သိမ်းပြီးချိန်တွင် ခရိုင်အတွင်းရှိ ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလာကြောင်း သိရသည်။

Chowgacha၊ Jhikargacha နှင့် Sadar Upazila တို့တွင် နွေကြက်သွန်နီ အထွက်နှုန်း မြင့်မားသည်။ Monirampur Upazila တွင် ဆောင်းကြက်သွန်ကို အများအားဖြင့် စိုက်ပျိုး ကြပါသည်။ Chowgacha Upazila ရှိ Hazrakhana ရွာမှ လယ်သမား Golam Mostofa သည် ယခုရာသီတွင် မြေနှစ်ကွက်၌ ကြက်သွန်နီ စိုက်ပျိုးခဲ့ပြီး စတင်ရိတ်သိမ်းပြီးချိန်တွင် အထွက်နှုန်း ကောင်းလာကြောင်း၊ မြေနှစ်ကွက်အတွက် (၆၀၀၀၀)တာကာ(Tk) သုံးစွဲခဲ့ကြောင်း ပြောကြားခဲ့သည်။( ၁ တာကာလျှင် ၀.၀၀၉၁ ကန်ဒေါ်လာ)



Jashore Kalibari မှ ကြက်သွန်နီကုန်သည် Kamal Hossain က ရိတ်သိမ်းပြီးခါစ ကြက် သွန်နီများ ဈေးကွက်တွင် ပေါ်ထွက်နေပြီး Muricata ကြက်သွန်နီတစ်ကီလိုလျှင် (၇၀-၈၀)တာကာ ဖြင့် ရောင်းချနေကြောင်း သိရသည်။ Jashore Agricultural Extension Department မှ လက်ထောက်ညွှန်ကြားရေးမှူး Dr Susanta Kumar Tarofder က ကြက်သွန်နီအထွက်နှုန်း မြှင့်တင်ရန်နှင့် တောင်သူများအား ကြက်သွန်နီစိုက်ပျိုးရန် မက်လုံးပေးအစီအစဉ်များကို စတင်လိုက်ပြီဖြစ်ကြောင်း bssnews.net တွင် ဖော်ပြထားသည်။

ဟေမာန်အောင်မင်း

# ဆန်ကွဲတန်ချိန် ၉ သိန်း နိုင်ငံ ၅ ခုသို့ အိန္ဒိယ ရောင်းချမည်



အိန္ဒိယနိုင်ငံသည် အမျိုးသားသမဝါယမပို့ကုန်လီမိတက် (National Cooperative Exports Limited-NCEL) မှတစ်ဆင့် ဆန်ကွဲတန်ချိန် ၉ သိန်းနီးပါးကို နိုင်ငံ ၅ ခုသို့လည်းကောင်း၊ ဂျုံ နှင့် ဂျုံထွက်ပစ္စည်း ၃၄၀၀၀ တန်ကျော်တို့အား အိမ်နီးချင်း ဘူတန်နိုင်ငံသို့ လည်းကောင်း တင်ပို့ရောင်းချသွားမည်ဖြစ် သည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆန်ကွဲ၊ ဂျုံ နှင့် ဂျုံထွက်ပစ္စည်းများကို လူသား ချင်းစာနာထောက်ထားမှုနှင့် စားနပ်ရိက္ခာအတွက် နိုင်ငံများ၏ လိုအပ်ချက်အရ အစိုးရအချင်းချင်း အစီစဉ် (G to G) ဖြင့်ရောင်းချပေးသွားရန် ခွဲတမ်းသတ်မှတ်သွားနိုင်ရေး လမ်းညွှန်ချက်နှင့် လုပ်ထုံး လုပ်နည်းများကို ယခုနှစ် ဇွန်လမှ ဇူလိုင်လအတွင်း ရေးဆွဲထားပြီးဖြစ်သည်။

ယခင်က အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချဖူးသည့် အတွေ့အကြုံအပေါ်မူတည်၍ အစိုး ရမှ ပို့ကုန်ခွဲတမ်းများသတ်မှတ်ပေးရန် အစီအစဉ်အပေါ် အချို့သော ပို့ကုန်တင်ပို့သူများမှ မကျေနပ်၍ နယူးဒေလီတရားရုံးချုပ်သို့ ဦးတိုက်လျှောက်ထားခဲ့ကြသည်။ အိန္ဒိယအစိုးရမှခွင့်ပြုပေးလိုက်သော ဆန်ကွဲ ၈၉၈၈၀၄ တန်အနက် ဆီနီဂေါနိုင်ငံအတွက် တန်ချိန် ၅ သိန်း ခွဲဝေသတ်မှတ်ပေးပြီး လာမည့် ၆ လအတွင်း တင်ပို့သွားမည်ဖြစ်သည်။ အစိုးရက အင်ဒိုနီးရှားနိုင်ငံအတွက် ဆန်ကွဲတန်ချိန် ၂ သိန်းနှင့် မာလီနိုင်ငံအတွက် တန်ချိန် ၁ သိန်း အသီး သီးခွင့်ပြုခဲ့ကြောင်း သိရသည်။ ဂန်ဘီယာနိုင်ငံအတွက် သတ်မှတ်ထားသော ဆန်ကွဲ ၅၀၀၀၀ တန် ကိုလည်း ၆ လအတွင်း တင်ပို့သွားရန်ရှိသည်။ အလားတူ ဘူတန်နိုင်ငံသည် NCEL မှတစ်ဆင့် ဆန် ၄၈၈၀၄ တန်ကို ဝယ်ယူတင်သွင်းခွင့်ရမည်ဖြစ်ကြောင်း DGFT က ထုတ်ပြန်ပြောကြားခဲ့သည်။

ထို့အပြင် ဂျုံ ၁၄၁၈၄ တန်၊ ဂျုံမှုန့် ၅၃၂၆ တန်နှင့် သန့်စင်ပြီးနှင့် ပြုပြင်ထုတ်လုပ်ထားသော ဂျုံမှုန့် ၁၅၂၆ တန်တို့အား ဘူတန်နိုင်ငံသို့ တင်ပို့ရန် အစိုးရမှ ခွင့်ပြုထားပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ဆန်ကြမ်း၊ ဆန်ကွဲ၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခွင့်အား အချိန်အတိုင်း အတာတစ်ခုအထိ ဆက်လက်ပိတ်ပင်ထားဖွယ်ရှိနေသည်။ အစိုးရအနေဖြင့် နောင်နှစ် ဇွန်လအထိ ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိနေသော အယ်နီညိုကြောင့် ထိခိုက်မှုများရှိသည့်အပေါ် စိုးရိမ်လျက်ရှိပြီး၊ ယခုနှစ်တွင်လည်း မိုးရာသီ သီးနှံတစ်ချို့၏ စိုက်ပျိုးထွက်ရှိမှု ကျဆင်းခဲ့သောကြောင့် အဆိုပါ ထုတ် ကုန်များတင်ပို့ရောင်းချမှု ပိတ်ပင်ထားခြင်းကို ရုတ်ချည်း ဖယ်ရှားသွားမည့် အခြေအနေမရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပုံမှန်ရှိရမည့် မိုးရေချိန်အောက် လျော့နည်းရရှိခဲ့ပြီး ၁၉၀၁ ခုနှစ်မှကြည့်လျှင် ယခုနှစ် ဩဂုတ်လသည် အခြောက်သွေ့ဆုံးလတစ်လဖြစ်ခဲ့ကြောင်း သိရ သည်။

အိန္ဒိယနိုင်ငံသည် ယခင်ကလည်း ပိတ်ပင်ထားသော ဆန်ဖြူကို အိမ်နီးချင်းနိုင်ငံများနှင့် မိတ် ဆွေနိုင်ငံအချို့သို့ ၎င်းတို့၏လိုအပ်ချက်အရ အစိုးရအချင်းချင်းအစီအစဉ်ဖြင့် ရောင်းချပေးခဲ့ခြင်းမျိုးရှိ ခဲ့သည်။ ယခုအခါ အစိုးရသည် နိုင်ငံ၏ အရေးကြီးကုန်စည်များဖြစ်သည့် ဆန်၊ ဂျုံနှင့် ဂျုံထွက် ပစ္စည်း တင်ပို့ခွင့်ကို ဆက်လက်ပိတ်ပင်ထားသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အာဖရိကနိုင်ငံအချို့သို့ ရောင်းချခွင့်ပြုခဲ့ပြီး၊ ပို့ကုန်ခွဲတမ်းများခွဲဝေသတ်မှတ်ပေးခဲ့သည်။

ကောင်းထွဋ်အောင်

# ဆန်တင်ပို့မှု တားမြစ်ချက်ကို ၆ လ သက်တမ်းတိုးရန် ရုရှားစိုက်ပျိုးရေး ဝန်ကြီးဌာနက အဆိုပြု

ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက် အထိ ရုရှားနိုင်ငံမှ ဆန်နှင့် ဆန်စပါးတင်ပို့မှု တားမြစ်ချက်အား သက်တမ်းတိုးရန် အဆိုပြုထားကြောင်း ၎င်းသက်ဆိုင်ရာဥပဒေမူကြမ်းကို အစိုးရ၏တရားဝင် Website ပေါ်တွင် ဖော်ပြထားသည်။

အဆိုပါဥပဒေမူကြမ်းတွင် ရုရှားမှ ယူရေးရှားစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အခြား ပြည်ပနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် တင်ပို့သည့် ဆန် များအား ပိတ်ပင်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

နိုဝင်ဘာလကုန်တွင် ရုရှားစိုက်ပျိုးရေးဝန်ကြီး Mr. Dmitry Patrushev က ရုရှားနိုင်ငံသည် လက်ရှိစိုက်ပျိုးရာသီတွင် လူမှုရေးအရ အရေးပါသော သီးနှံများဖြစ်သည့် ဆန်နှင့် ဂျုံ ထုတ်လုပ်နိုင်မှု သည် သိသာစွာ တိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။ ဆန်စပါးစုစုပေါင်း ရိတ်သိမ်းနိုင်မှုသည် တန်ချိန် ၁.၁ သန်းကျော်လွန်ခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၄ ရာခိုင်နှုန်း ပိုများသည်။

ရုရှား တွင် ဆန်နှင့် ဆန်စပါး တင်ပို့မှု ယာယီတားမြစ်ချက်ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁ ရက် နေ့တွင် စတင်ခဲ့ပြီး ပို့ကုန်ကန့်သတ်ချက်အား ၆ လတစ်ကြိမ် ပုံမှန်သက်တမ်းတိုးခဲ့ရာ ၂၀၂၃ ခုနှစ် နှစ်ကုန်အထိ သက်တမ်းရှိခဲ့သည်။ ယခုအခါ ယင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဝန်ကြီးဌာနသည် တားမြစ်ချက်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ ခြောက်လအထိ သက်တမ်းတိုးရန် အဆိုပြု ထားခြင်းဖြစ်သည်။ အဆိုပါတားမြစ်ချက်သည် နိုင်ငံအတွင်း ဆန်စပါးပြတ်လပ်မှု အန္တရာယ်ကို ရှောင်ရှားရန်နှင့် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး အဆိုပါ ထုတ်ကုန်များအတွက် ပြည်တွင်း ဈေးနှုန်းများ တည်ငြိမ်စေရန်ဖြစ်သည်။ ထို့အပြင် မွေးမြူရေးနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် ပံ့ပိုးကူညီနိုင်ရန်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားသည်။

ရုရှားကောက်ပဲသီးနှံသမဂ္ဂဥက္ကဋ္ဌ Mr. Arkady Zlochevsky ၏ ပြောကြားချက်အရ ရုရှားနိုင်ငံ သားများသည် နှစ်စဉ် ဆန်တန်ချိန် ၁ သန်းခန့် စားသုံးကြပြီး ထိုအထဲမှ တန်ချိန် ၂၀၀,၀၀၀ ခန့် သည် ဆန်လုံးရှည်(Long-grain rice)များ ဖြစ်ကြောင်း သိရှိရသည်။ ရုရှားနိုင်ငံ၌ ဆန်လုံးတို (round - grain rice)သည် ပြည်တွင်းစားသုံးရန်အတွက် သာမက ပြည်ပသို့ တင်ပို့ရန်အတွက်ပါ လုံလောက်မှုရှိသော်လည်း ဆန်လုံးရှည်သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိကြောင်း သိရသည်။ ရုရှားနိုင်ငံသို့ ဆန်လုံးရှည် အဓိက တင်ပို့လျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ ဗီယက် နမ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း တွေ့ရှိရသည်။

ခွန်မျိုးသူ

# MSMEs များ၏ E-Commerce မှ တင်ပို့မှု မြှင့်တင်ရန် အိန္ဒိယ အစိုးရနှင့် Amazon တို့ လက်မှတ်ရေးထိုး

ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် e-commerce မှတစ်ဆင့် ပို့ကုန်မြှင့်တင် နိုင်ရန်အတွက် ခရိုင် ၂၀ ရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) အား သင်တန်းများပေးရန် e-commerce လုပ်ငန်းအဓိကဆောင်ရွက်သူ Amazon နှင့် နားလည်မှု စာချွန်လွှာတစ်စောင်ကို ပြီးခဲ့သည့် ဩဂုတ်လ...

ကို ပြီးခဲ့သည့် ကြာသပတေးနေ့တွင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ နားလည်မှု စာချွန်လွှာ၏ တစ်စိတ်တစ်ပိုင်းအနေ ဖြင့် နိုင်ငံခြားကုန်သွယ်မှုမူဝါဒ ၂၀၂၃ တွင် ဖော်ပြထားသည့် ပို့ကုန်ဗဟိုခရိုင် (District as Exports Hub) စီမံချက်အရ DGFT မှ သတ်မှတ်ရွေးချယ်ထားသည့် ခရိုင်များတွင် MSMEs များအတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို Amazon နှင့် နိုင်ငံခြားကုန်သွယ်ရေး အထွေထွေညွှန်ကြားမှုဦးစီးဌာန (DGFT) တို့က ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

Amazon သည် စွမ်းရည်မြှင့်တင်ခြင်းကဏ္ဍတွင် MSMEs လုပ်ငန်းများအား ပုံရိပ်ဖော်ခြင်း၊ ၎င်းတို့၏ ထုတ်ကုန်များကို ဒစ်ဂျစ်တယ်စာရင်းပြုစုခြင်း၊ အခွန်ဆိုင်ရာ အကြံပေးခြင်း စသည်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် အသေးစား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) နှင့် နိုင်ငံတွင်းမှ e-commerce တင်ပို့မှုကို မြှင့်တင်ရန်အတွက် DGFT သည် ခရိုင် များကို Export Hubs များအဖြစ် မြှင့်တင်ရန်နှင့် နိုင်ငံမှ e-commerce တင်ပို့မှုများကို မြှင့်တင်ရန်၊ ” ဟု ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို DGFT ညွှန်ကြားရေးမှူးချုပ် Santosh Sarangi နှင့် Chetan Krishnaswamy (ဒုတိယဥက္ကဋ္ဌ၊ Public Policy Amazon) နှင့် Bhupen Wakankar (ဒါရိုက်တာ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု Amazon India) တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယင်း စီမံချက်သည် ကျေးလက်နှင့် ဝေးလံခေါင်သီသော ခရိုင်များတွင်ပင် ဒေသတွင်းထုတ် လုပ်သူများကို ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်များနှင့် ချိတ်ဆက်ရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုပူးပေါင်းဆောင် ရွက်မှုသည် ပို့ကုန်လုပ်ငန်းရှင်များ/ MSMEs များအား ၎င်းတို့၏ Made in India ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာရှိ ဖောက် သည်များထံ ရောင်းချနိုင်ရန်ဖြစ် ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ ပြည်တွင်း ပို့ကုန်လုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများနှင့် MSMEs များကို အလားအလာရှိသော နိုင်ငံတကာဝယ်လက်များ လက်လှမ်းမီစေရန် ပံ့ပိုးကူညီရန် e-commerce ပလက်ဖောင်းများကို အသုံးချရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

Amazon India နှင့် နားလည်မှုစာချွန်လွှာအရ စွမ်းရည်မြှင့်တင်ရေးအတွက် ခရိုင် ၂၀ ကို ရွေး ချယ်ထားကြောင်း၊ DGFT သည် Flipkart/Walmart၊ Ebay, Rivexa, Shopclues, Shiprocket, DHL Express ကဲ့သို့သော e-commerce ပလပ်ဖောင်းအမျိုးမျိုးနှင့်လည်း ကျန်ရှိသည့် ခရိုင်များကို စွမ်းဆောင်ရည်မြှင့်တင်မှုများဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ယခုဆောင်ရွက်ချက်သည် အိန္ဒိယမှ ပို့ကုန်အသစ်များ၊ ပထမအကြိမ် တင်ပို့ရောင်းချသူများ နှင့် အခြား MSME ထုတ်လုပ်သူများကို မြှင့်တင်ပေးကာ ၂၀၃၀ ခုနှစ်တွင် ကုန်စည်တင်ပို့မှုမှ ကန် ဒေါ်လာ ၁ ထရီလီယံ ရရှိရေး ပန်းတိုင်အား ရရှိအောင်မြင်စေရန်အတွက် DGFT ၏ ကြီးမားသည့် ကြိုးပမ်းဆောင်ရွက်ချက်တစ်ခုဖြစ်သဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်ရေးအတွက် MSME လုပ်ငန်းများအား Amazon အပါအဝင် E-Commerce လုပ်ငန်းများနှင့် ချိတ်ဆက်၍ ကမ္ဘာ့ဈေးကွက် သို့ တိုးမြှင့်ဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို လေ့လာတင်ပြလိုက်ပါသည်။

မျိုးမြင့်မောင်

# ကြက်သားတန်ချိန် ၁၆၀,၀၀၀ အထိ အခွန်လွတ်ခွဲတမ်းဖြင့် တင်သွင်းရန် ရုရှား အတည်ပြု

ရုရှားနိုင်ငံသို့ အခွန်ကင်း လွတ်ခွင့်ခွဲတမ်းဖြင့် ကြက်သားတင်သွင်းမှုအား တန်ချိန် ၁၆၀,၀၀၀ အထိ ရုရှားအကောက်ခွန်ဆပ်ကော်မရှင်က ခွင့်ပြုပေးခဲ့ကြောင်း အစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြ ထားသည်။

၂၀၂၄ ခုနှစ်တွင် ကြက်သားအမျိုးအစားအချို့အပေါ် အကောက်ခွန်မဲ့ဦးစားပေး တင်သွင်းမှု ကို အတည်ပြုခဲ့ပြီး သွင်းကုန် ကြက်သားပမာဏ တန်ချိန် ၁၆၀,၀၀၀ အထိ ကင်းလွတ်ခွင့်ပြုရန် စီစဉ် ထားသည်။ ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအား မြင့်တက်လာသည့်အတွက် ကြက်ထွက်ကုန်ဈေး ကွက် ဈေးနှုန်းတည်ငြိမ်စေရန်ရည်ရွယ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရုရှား စိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ၂၀၂၄ ခုနှစ်အတွက် အခွန်ကင်းလွတ်ခွင့်ခွဲတမ်းဖြင့် ရုရှားနိုင်ငံသို့ ကြက်သားတန်ချိန် ၁၆၀,၀၀၀ အထိ တင်သွင်းရန် အဆိုပြုခဲ့သည်။ ထို့အပြင် အဆိုပါဝန်ကြီးဌာန၏ အဆိုပြုချက်ကြောင့် ကြက် သားအမျိုးအစားအချို့ နှင့် ကြက်ဥတင်ပို့မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်နေ့အထိ ၆ လ ကြာ ယာယီပိတ်ပင်ထားသည်။

ရုရှားဖက်ဒရယ်စာရင်းအင်းဌာန(Rosstat)၏ အချက်အလက်များအရ ကြက်သားဈေးနှုန်းများသည် ယခုနှစ်အစမှ စတင်၍ အောက်တိုဘာလအထိ ၂၈.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဥများ အတွက် ၁၅.၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ကြက်ထွက်ကုန် ဈေးနှုန်းမြင့်တက်ရခြင်းမှာ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းမြင့်မားလာခြင်းကြောင့် ထုတ်ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်လာခြင်းနှင့် ဆက်စပ်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်ထက် ပြည်ပသို့ တင်ပို့ခြင်းက ပိုမိုများပြားနေခြင်းကြောင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေသဖြင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်စေကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက သုံးသပ်ထားသည်။



ခွန်မျိုးသူ

# တရုတ်နိုင်ငံ၌ ယခုနှစ်တွင် သီးနှံထွက်ရှိမှု တန်ချိန် (၆၈၃)သန်းဖြင့် စံချိန်တင်

တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထွက်ရှိမှုသည် ယခုနှစ်တွင် မက်ထရစ်တန်ချိန် (၆၈၃) သန်း ဖြင့် စံချိန်တင်ခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် (၂)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အမျိုးသားစာရင်း အင်းဗျူရိုက ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံထွက်ရှိမှုသည် တန်ချိန်သန်း(၆၅၀)ကျော်ရှိခဲ့သည်မှာ (၇)နှစ် ဆက်တိုက်ရှိပြီဟု ဗျူရို ကျေးလက်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး Wang Minghua က ပြော ကြားခဲ့သည်။

တရုတ်နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို ကာကွယ်ပေးသည့် တင်းကြပ်သော မူဝါဒများကို အကောင်အထည်ဖော်လျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက်မဟုတ်သည့်လယ်ယာမြေအသုံးပြု ခြင်းကို ပြတ်ပြတ်သားသား တားမြစ်ထားကြောင်း၊ တရုတ်နိုင်ငံ၌ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ လယ်သမားများအား ထောက်ပံ့ပေးပြီး သီးနှံဆက်လက်စိုက်ပျိုးရန် တိုက်တွန်းအား ပေးလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရလဒ်အနေဖြင့် ယခုနှစ်တွင် သီးနှံစိုက်ဧရိယာ ဟက်တာ (၁၁၈)သန်းအထိရှိခဲ့ပြီး ယခင်နှစ် ကထက် (၀.၇)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ပြောင်းနှင့် ဂျုံစိုက်ပျိုးသော ဧရိယာသည် တိုးလာ ပြီး စပါးစိုက်ဧရိယာအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရှိရသည်။

ပြောင်းဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြောင်းသီးနှံစိုက်ဧရိယာသည် တစ်နှစ်ထက် တစ်နှစ် (၅)ရာခိုင်နှုန်းမြင့်တက်လာပြီး အခြားသီးနှံများထက် စိုက်ဧရိယာအများဆုံးဖြစ်၍ ဟက်တာ (၄၃.၃) သန်းအထိ တိုးလာခဲ့ကြောင်း သိရှိရသည်။ ပဲစိုက်ဧရိယာ (၁၂.၇)ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အဓိကအားဖြင့် ပဲပုပ်စိုက်ပျိုးမှုအတွက် ထောက်ပံ့မှုလျှော့ချခဲ့ခြင်းကြောင့်ဖြစ်ကြောင်းနှင့် အာလူးစိုက်ဧရိယာ တိုးလာခဲ့ကြောင်း သိရှိရသည်။

ယခုနှစ်အတွင်း Henan ပြည်နယ်တွင် ရေကြီးမှုနှင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးခေါင်မှုများကဲ့သို့သော နိုင်ငံ၏ အချို့သောဒေသများတွင် ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်သောရာသီဥတု အခြေအနေများသည် ဆောင်းဦးသီးနှံအထွက်နှုန်းကို ထိခိုက်စေခဲ့သည်။

သို့ရာတွင် သီးနှံစိုက်ပျိုးသောအဓိကဒေသများတွင် ရာသီဥတုအခြေအနေသည် ယေဘုယျ အားဖြင့် သီးနှံများကြီးထွားမှုအတွက် အထောက်အကူဖြစ်စေခဲ့ကြောင်း၊ အထွက်နှုန်းမြင့်သော ပြောင်းမျိုး၏ စိုက်ဧရိယာတိုးတက်လာခြင်းသည်လည်း စုစုပေါင်း သီးနှံအထွက်နှုန်းကို တိုးတက် လာစေကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ ပျမ်းမျှသီးနှံအထွက်နှုန်းမှာ ယခုနှစ်တွင် တစ်ဟက်တာလျှင် (၅.၈)တန်ရှိပြီး တစ်နှစ်ထက်တစ်နှစ်(၁.၂)ရာခိုင်နှုန်း မြင့်တက်လာကြောင်း နမူနာစစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ ဂျုံနှင့် ဆန်အထွက်နှုန်း တိုးလာသော်လည်း Henan ပြည်နယ် အပါအဝင် ဒေသအချို့တွင် ရေလွှမ်းမိုးမှုများကြောင့် ပြောင်းအထွက်နှုန်း အနည်းငယ် ကျဆင်းခဲ့ကြောင်း သိရှိ ရသည်။

ယခုနှစ်တွင် ဆန်၊ ဂျုံနှင့် ပြောင်းထွက်ရှိမှုပမာဏမှာ မြင့်တက်လာ၍ ပြောင်းတန်ချိန် (၂၇၃) သန်း ထွက်ရှိခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် (၄.၆)ရာခိုင်နှုန်း တိုးလာသည်ဟု ဗျူရိုက ပြောကြားခဲ့သည်။

ပဲထွက်ရှိမှုသည် (၁၄.၁)ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ပဲပုပ်ထွက်ရှိမှု (၁၆.၄)ရာခိုင်နှုန်း ကျဆင်း ခဲ့ကြောင်း၊ အရှေ့မြောက်ပြည်နယ်များနှင့် အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စုစုပေါင်း ပဲပုတ်ထွက်ရှိမှု၏ (၇၀.၃)ရာခိုင်နှုန်းရှိကြောင်း၊ Heilongjiang ပြည်နယ်သည် ပဲထွက်ရှိမှု နှင့် ပဲစိုက်ဧရိယာနှစ်ခုစလုံးတွင် နိုင်ငံအတွင်း ပထမအဆင့်ဖြစ်ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုကြောင့် Henan ပြည်နယ်တွင် သီးနှံထွက်ရှိမှု တန်ချိန် (၂.၈)သန်း ကျဆင်း ခဲ့သော်လည်း ယခုနှစ် စုစုပေါင်းသီးနှံရိတ်သိမ်းမှုသည် အမျိုးသားစားနပ်ရိက္ခာဖူလုံမှုကို သေချာစေပြီး (၁၄) ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၅)အတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကို ဖြစ်ပေါ်စေသည်ဟု Wang က ပြောကြားခဲ့သည်။

ကေခိုင်ကျော်

# အိန္ဒိယအစိုးရအနေဖြင့် ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ပဲစင်းငုံများ ပိုမိုဝယ်ယူမည်



ပဲစင်းငုံ စိုက်ဧကများ လျော့နည်းသဖြင့် ထုတ်လုပ်မှုကျဆင်းမည်ဟု မျှော်မှန်းထားသည့် အတွက် ယခုနှစ်တွင် ကုန်စည်ဈေးနှုန်း တည်ငြိမ်မှုရှိစေရန် အစိုးရက ၎င်း၏ ပဲစင်းငုံတန်ချိန် မက်ထရစ်တန် ၈ သိန်းမှ ၁၀ သိန်းထိ သိသိသာသာ တိုးမြှင့်ဝယ်ယူရန် စီစဉ်နေသည်ဟု အကြီးတန်း အရာရှိတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

အိန္ဒိယတွင် ပဲစင်းငုံ လက်လီဈေးသည် ယခင်နှစ်က တစ်ကီလိုလျှင် ၁၁၂ ရူပီးမှ ၄၀ ရာခိုင် နှုန်းကျော် ခုန်တက်ခဲ့ပြီး ယခုနှစ်တွင် တစ်ကီလိုလျှင် ၁၅၈ ရူပီးအထိ မြင့်တက်ခဲ့ကြောင်း အစိုးရ အချက်အလက်များအရ သိရသည်။

၂၀၂၃ ခုနှစ်၊ မတ်လတွင် ပဲစင်းငုံ တင်သွင်းခွန်ကို ပယ်ဖျက်ခြင်းဖြင့် အာဖရိက နိုင်ငံများနှင့် မြန်မာနိုင်ငံတို့မှ တင်သွင်းမှုကို တိုးမြှင့်ရန် အစိုးရက ကြိုး ပ မ်း ခဲ့ သော် လ ည်း အောက်တိုဘာလတွင် ပဲစင်းငုံ၊ ကုလားပဲနှင့် ပဲတီစိမ်း ဈေးနှုန်းများ တစ်လအတွင်း ၆.၆၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီးနောက် ပဲမျိုးစုံကဏ္ဍတွင် တစ်နှစ်အတွင်း ၁၈.၇၉ ရာခိုင်နှုန်းထိ မြ င့် တ က် လာ ခဲ့ ကြော င်း သိ ရ သည်။

အ မ ည် မ ဖော် လို သူ အရာရှိတစ်ဦးက အစိုးရ၏ ပဲစဉ်းငုံ ဝယ်ယူရေး အစီအစဉ်သည် ဈေးနှုန်း တည်ငြိမ်ရေးရန်ပုံငွေ (PSF) အောက်မှ အနိမ့်ဆုံးပံ့ပိုးမှု ဈေးနှုန်း (MSP) ထက် များစွာ မြင့်မားသည့် ဈေးကွက်ပေါက် ဈေးဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်းပြောကြားထားသည်။

ဝယ်ယူသည့်အေဂျင်စီများဖြစ်သည့် အိန္ဒိယအမျိုးသား စိုက်ပျိုးရေးသမဝါယမဈေးကွက်ရှာ ဖွေရေးအသင်းချုပ် (NAFED) နှင့် အမျိုးသားစားသုံးသူများ ပူးပေါင်းဆောင်ရွက်ရေး(NCCF) တို့မှ တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူမည်ဖြစ်ပြီး မိုးရာသီသီးနှံများ ဈေးကွက်သို့ စတင်ဝင်ရောက် သည့် အချိန်တွင် ဝယ်ယူမှု များ စ တ င် မ ည် ဖြ စ် ကြော င်း အဆိုပါ အရာရှိက ပြောကြားထားကြောင်း သိရသည်။

ပဲစင်းငုံအထွက်နှုန်းမှာ တန်ချိန် စုစုပေါင်း ၃၄.၂၁ သန်း ရှိမည်ဟု ခန့်မှန်းထားပြီး ယခင်နှစ် ထွက်ရှိမှုထက် အနည်းငယ်နည်းသည်ဟု လယ်ယာစိုက်ပျိုးရေးနှ င့် တောင် သူ လ ယ် သ မား များ သ က် သာ ချော င် ချိ ရေး ဝ န် ကြီး ဌာန၏ အောက်တိုဘာလတွင် ထုတ်ပြန်သော ပထမ ကြိုတင်ခန့်မှန်းချက်အရ သိရသည်။

ပဲစဉ်းငုံသည် သွင်းကုန်များအပေါ် အပြင်းအထန် မှီခိုနေရခြင်းကြောင့် မိုဇမ်ဘစ်နှင့် မြန်မာ နိုင်ငံကဲ့သို့ နိုင်ငံများသည် ဈေးကစားခြင်းများဆောင်ရွက်သဖြင့် နိုင်ငံတွင်း ပဲရောင်းဝယ်ရေးလုပ် ငန်းများကို အခက်အခဲဖြစ်စေကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည်။

ပဲစင်းငုံရာသီတွင် ပဲစင်းငုံစိုက်ဧကများ လျော့ပါးသွားကာ ထုတ်လုပ်မှုကို ကျဆင်းခြင်းကို ဖြစ်ပေါ်စေနိုင်ပြီး အပြန်အလှန်အားဖြင့် ပြီးခဲ့သည့်လအနည်းငယ်အတွင်း ကုန်ဈေးနှုန်းကြီးမြင့် မှုကိုဖြစ်ပေါ်စေခဲ့ကြောင်း၊ ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ဟက် တာ ၄၆.၁၃ သိန်းမှ ၂၀၂၃ ခုနှစ် စက်တင်ဘာတွင် ဟက်တာ ၄၃.၈၇ သိန်းသို့ ကျဆင်းသွားကြောင်း အချက်အလက် များအရ သိရသည်။

မျိုးမြင့်မောင်

# ၂၀၂၃ ဒီဇင်ဘာလ သွင်းအားစု ဈေးနှုန်းများ (၁၅-၁၂-၂၀၂၃)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | ရခိုင် | ရှမ်း(တောင်) | ရှမ်း(အရှေ့) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | | | |
| ယူရီးယား | | | | | | | | | | | | | | |
| ၁ | မြင်းပျံ | အိတ် | ၅၀ ကီလို | ၈၅,၀၀၀ | ၈၆,၀၀၀ | | ၇၉,၀၀၀ | ၈၅,၀၀၀ | ၉၀,၀၀၀ | ၈၅,၀၀၀ | ၁၀၁,၅၀၀ | ၁၀၅,၀၀၀ | ၈၀,၀၀၀ | ၁၁၅,၀၀၀ |
| ၂ | ရွှေတောင် | အိတ် | ၅၀ ကီလို | ၇၅,၀၀၀ | ၈၃,၀၀၀ | ၇၈,၀၀၀ | ၇၉,၀၀၀ | ၈၃,၀၀၀ | ၈၉,၀၀၀ | ၈၀,၀၀၀ | ၁၀၈,၃၀၀ | | ၈၀,၀၀၀ | |
| ၃ | ပြဘာ/ကောမက် | အိတ် | ၅၀ ကီလို | | ၈၆,၀၀၀ | ၈၀,၀၀၀ | ၈၀,၀၀၀ | ၈၂,၀၀၀ | ၈၈,၀၀၀ | ၈၁,၀၀၀ | ၈၅,၀၀၀ | ၁၁၀,၀၀၀ | | ၉၅,၀၀၀ |
| ၄ | ရွှေနဂါး | တင်း | ၅၀ ကီလို | ၇၅,၀၀၀ | ၁၁၅,၀၀၀ | ၈၀,၀၀၀ | ၇၅,၀၀၀ | ၈၆,၀၀၀ | ၈၈,၀၀၀ | ၈၅,၀၀၀ | ၈၅,၀၀၀ | | | |
| ၅ | ဝိစာရ | တင်း | ၅၀ ကီလို | | ၈၈,၀၀၀ | ၈၀,၀၀၀ | | ၈၅,၀၀၀ | ၉၀,၀၀၀ | | ၈၃,၀၀၀ | ၁၁၀,၀၀၀ | | |
| တီစူပါ | | | | | | | | | | | | | | |
| ၆ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | | ၈၅,၀၀၀ | ၁၀၀,၀၀၀ | ၉၈,၀၀၀ | ၁၁၀,၀၀၀ | ၁၂၀,၀၀၀ | ၁၁၅,၀၀၀ | ၉၂,၀၀၀ | ၁၂၅,၀၀၀ |
| ၇ | အာမို | အိတ် | ၅၀ ကီလို | ၁၂၀,၀၀၀ | ၁၃၈,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၉၈,၀၀၀ | ၁၀၅,၀၀၀ | ၁၁၀,၀၀၀ | | ၁၁၀,၀၀၀ | ၁၂၀,၀၀၀ |
| ၈ | ပြဘာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၅၀,၀၀၀ | ၁၁၄,၀၀၀ | ၁၀၂,၀၀၀ | ၁၁၀,၀၀၀ | ၉၅,၀၀၀ | ၁၀၂,၀၀၀ | ၁၀၅,၀၀၀ | ၁၃၁,၀၀၀ | ၁၂၀,၀၀၀ | | |
| ၉ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | ၁၀၂,၀၀၀ | ၉၆,၀၀၀ | ၉၅,၀၀၀ | ၁၀၂,၀၀၀ | | | ၁၂၀,၀၀၀ | | |
| ပိုတက် | | | | | | | | | | | | | | |
| ၁၀ | မာကိုတာ | အိတ် | ၅၀ ကီလို | ၁၂၀,၀၀၀ | ၁၁၄,၀၀၀ | ၁၂၅,၀၀၀ | ၉၅,၀၀၀ | ၁၂၀,၀၀၀ | ၁၁၈,၀၀၀ | ၁၁၇,၀၀၀ | ၁၃၅,၀၀၀ | | ၁၄၅,၀၀၀ | ၁၃၀,၀၀၀ |
| ၁၁ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၁၃၄,၀၀၀ | | | ၁၁၀,၀၀၀ | ၁၂၈,၀၀၀ | | ၁၅၀,၀၀၀ | ၁၃၀,၀၀၀ | | |
| ၁၂ | အာမို | အိတ် | ၅၀ ကီလို | ၁၅၀,၀၀၀ | ၁၃၈,၀၀၀ | ၁၃၀,၀၀၀ | ၁၂၅,၀၀၀ | ၁၂၅,၀၀၀ | ၁၂၈,၀၀၀ | ၁၁၀,၀၀၀ | ၁၃၅,၀၀၀ | | | |
| ၁၃ | ပြဘာ | အိတ် | ၅၀ ကီလို | | ၁၁၅,၀၀၀ | ၁၃၀,၀၀၀ | | ၁၁၅,၀၀၀ | ၁၃၀,၀၀၀ | ၁၁၁,၅၀၀ | ၁၂၀,၀၀၀ | ၁၃၀,၀၀၀ | | |
| ကွန်ပေါင်း | | | | | | | | | | | | | | |
| ၁၄ | ပြဘာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၄၃,၀၀၀ | ၁၃၅,၀၀၀ | ၁၅၅,၀၀၀ | ၁၃၀,၀၀၀ | ၁၂၅,၀၀၀ | ၁၅၅,၀၀၀ | ၁၁၅,၀၀၀ | ၁၃၆,၆၀၀ | ၁၃၅,၀၀၀ | ၁၀၂,၀၀၀ | |
| ၁၅ | အာမို | အိတ် | ၅၀ ကီလို | ၁၄၀,၀၀၀ | ၁၃၅,၀၀၀ | ၁၄၅,၀၀၀ | ၁၅၃,၀၀၀ | ၁၃၀,၀၀၀ | ၁၄၆,၀၀၀ | ၁၂၅,၀၀၀ | ၁၄၇,၅၀၀ | ၁၃၀,၀၀၀ | ၁၅၃,၀၀၀ | |
| ၁၆ | ဝိစာရ | အိတ် | ၅၀ ကီလို | ၁၀၂,၀၀၀ | ၁၀၀,၀၀၀ | ၁၄၅,၀၀၀ | ၁၁၀,၀၀၀ | ၁၂၅,၀၀၀ | ၁၄၈,၀၀၀ | | ၁၃၅,၀၀၀ | ၁၃၅,၀၀၀ | | ၁၄၀,၀၀၀ |
| ၁၇ | ရွှေနဂါး | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | | ၁၂၅,၀၀၀ | ၁၃၀,၀၀၀ | ၁၃၈,၀၀၀ | ၁၂၀,၀၀၀ | | | | |
| ၁၈ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၂၀,၀၀၀ | | ၁၂၆,၀၀၀ | ၁၂၀,၀၀၀ | ၁၃၈,၀၀၀ | | ၁၄၁,၆၀၀ | | | |
| ဂျစ်ပဆန် | | | | | | | | | | | | | | |
| ၁၉ | ပြဘာ/ကောမက် | အိတ် | ၂၅ ကီလို | ၆,၀၀၀ | ၈,၀၀၀ | ၈,၀၀၀ | ၇,၀၀၀ | ၇,၀၀၀ | ၉,၀၀၀ | ၇,၅၀၀ | ၁၃,၀၀၀ | ၁၂,၀၀၀ | ၇,၅၀၀ | ၈,၀၀၀ |
| ၂၀ | အာမို | အိတ် | ၂၅ ကီလို | ၆,၀၀၀ | ၇,၀၀၀ | ၈,၀၀၀ | ၇,၁၀၀ | ၆,၅၀၀ | ၈,၅၀၀ | ၆,၅၀၀ | ၁၂,၀၀၀ | | ၇,၅၀၀ | ၇,၅၀၀ |
| ရွက်ဖျန်းမြေဩဇာ | | | | | | | | | | | | | | |
| ၂၁ | ပြဘာ/ကောမက် | ဗူး | ၅၀၀ စီစီ | ၈,၃၀၀ | ၁၃,၂၀၀ | ၇,၀၀၀ | ၈,၅၀၀ | ၇,၀၀၀ | ၈,၅၀၀ | | ၈,၅၀၀ | ၁၁,၀၀၀ | | ၈,၅၀၀ |
| ၂၂ | အာမို | ထုပ် | ၅၀၀ ဂရမ် | ၈,၅၀၀ | ၁၃,၀၀၀ | ၆,၀၀၀ | ၈,၀၀၀ | ၇,၀၀၀ | ၈,၃၀၀ | ၉,၀၀၀ | ၈,၂၅၀ | ၁၁,၀၀၀ | | ၉,၅၀၀ |
| ပိုးသတ်ဆေး | | | | | | | | | | | | | | |
| ၂၃ | တင်းရှန် | ဗူး | ၅၀၀ စီစီ | | | | ၂၈,၀၀၀ | ၂၈,၀၀၀ | ၁၆,၀၀၀ | | ၂၆,၀၀၀ | | | ၁၆,၀၀၀ |
| ၂၄ | ဒါနာဒင် | ဗူး | ၅၀၀ စီစီ | | ၂၈,၅၀၀ | ၂၇,၅၀၀ | ၁၅,၃၀၀ | ၂၉,၀၀၀ | ၂၇,၀၀၀ | | ၂၉,၃၀၀ | | | |
| ၂၅ | ဖိုင်းယား | ဗူး | ၅၀၀ စီစီ | ၂၅,၀၀၀ | ၂၅,၀၀၀ | ၂၆,၁၀၀ | ၂၆,၀၀၀ | ၂၈,၀၀၀ | ၂၅,၀၀၀ | ၂၅,၀၀၀ | ၂၆,၇၅၀ | ၂၅,၀၀၀ | | |
| ၂၆ | ဖျူရီ | ဗူး | ၅၀၀ စီစီ | | | | ၂၀,၀၀၀ | ၂၅,၀၀၀ | ၁၉,၀၀၀ | ၄၀,၀၀၀ | ၂၄,၀၀၀ | | | |
| ၂၇ | ဘက်တား | ထုပ် | ၅၀၀ ဂရမ် | ၃၈,၀၀၀ | ၂၃,၀၀၀ | ၅၀,၀၀၀ | ၂၀,၅၀၀ | ၂၄,၀၀၀ | ၃၅,၀၀၀ | ၄၀,၀၀၀ | ၂၁,၀၀၀ | ၂၁,၀၀၀ | ၄၀,၀၀၀ | ၃၀,၀၀၀ |
| မှိုသတ်ဆေး | | | | | | | | | | | | | | |
| ၂၈ | ကာဆူမင် | ဗူး | ၅၀၀ စီစီ | | | ၂၂,၅၀၀ | | ၂၅,၀၀၀ | ၃၂,၀၀၀ | ၂၄,၀၀၀ | ၁၉,၀၀၀ | ၂၉,၀၀၀ | | |
| ၂၉ | ဆင်နာဂျီ | ထုပ် | ၅၀၀ ဂရမ် | | ၂၀,၀၀၀ | ၁၉,၈၀၀ | ၁၉,၅၀၀ | ၂၃,၀၀၀ | ၁၈,၀၀၀ | ၂၅,၀၀၀ | ၁၇,၉၀၀ | | | |
| ၃၀ | မန်ကိုဇက် | ထုပ် | ၅၀၀ ဂရမ် | ၁၈,၅၀၀ | ၂၀,၀၀၀ | | | ၁၈,၀၀၀ | ၁၁,၀၀၀ | ၁၇,၀၀၀ | ၁၈,၇၅၀ | ၃၀,၀၀၀ | ၂၈,၅၀၀ | ၂၀,၅၀၀ |
| ၃၁ | ယူနတီ | ဗူး | ၅၀၀ စီစီ | ၆၉,၇၀၀ | | ၅၆,၅၀၀ | ၅၄,၅၀၀ | ၃၀,၀၀၀ | ၅၂,၀၀၀ | | ၆၇,၉၀၀ | | ၅၈,၀၀၀ | |
| ၃၂ | ဟက်ဇာဂွန်/ဟက်ဇာဂိုနားဖိုး | ဗူး | ၅၀၀ စီစီ | ၁၆,၅၀၀ | ၁၉,၀၀၀ | | | ၂၂,၀၀၀ | ၁၉,၈၀၀ | | ၁၆,၈၀၀ | ၂၀,၀၀၀ | ၂၂,၀၀၀ | |
| ၃၃ | အာမိုခရောင်း | ထုပ် | ၅၀၀ ဂရမ် | ၁၆,၀၀၀ | | ၃၂,၅၀၀ | | ၂၅,၀၀၀ | ၄၆,၀၀၀ | ၂၅,၀၀၀ | ၁၉,၇၅၀ | | ၂၀,၀၀၀ | ၂၃,၀၀၀ |
| ပေါင်းသတ်ဆေး | | | | | | | | | | | | | | |
| ၃၄ | ကွန်ပလီ | ထုပ် | ၅၀၀ ဂရမ် | ၅၅,၀၀၀ | | ၄၀,၀၀၀ | | ၃၅,၀၀၀ | ၃၀,၀၀၀ | ၂၂,၀၀၀ | ၂၈,၀၀၀ | ၂၀,၀၀၀ | | |
| ၃၅ | ဂလိုင်ဖိုဆိတ်/ပေါင်းကေလာ | ဗူး | ၁ လီတာ | ၁၆,၀၀၀ | ၁၆,၀၀၀ | ၁၈,၁၀၀ | ၂၈,၀၀၀ | ၂၀,၀၀၀ | ၁၃,၀၀၀ | ၁၅,၀၀၀ | ၁၆,၃၃၃ | ၂၅,၀၀၀ | ၁၃,၀၀၀ | ၁၈,၅၀၀ |
| ၃၆ | ဂျင်နရယ် | ဗူး | ၁ လီတာ | | | | | ၂၄,၀၀၀ | ၁၂,၅၀၀ | | ၁၅,၅၀၀ | | | ၂၀,၀၀၀ |
| ၃၇ | ဓောင်းထက်(40wp) | ထုပ် | ၅၀၀ ဂရမ် | ၃၄,၀၀၀ | | | | ၂၄,၀၀၀ | ၂၁,၀၀၀ | | ၂၄,၃၀၀ | | | |
| ၃၈ | ဖော်ကျွန်း | ဗူး | ၅၀၀ စီစီ | ၂၄,၀၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၁၃,၂၀၀ | ၂၅,၀၀၀ | ၂၄,၅၀၀ | | ၂၃,၄၀၀ | ၃၅,၀၀၀ | ၂၆,၀၀၀ | |
| ၃၉ | မက်ဖိုက်တာ | ထုပ် | ၅၀၀ ဂရမ် | | | | | ၂၅,၀၀၀ | ၂၈,၀၀၀ | ၁၆,၀၀၀ | ၂၀,၀၀၀ | | | |
| ၄၀ | ဝိစာရ | ဗူး | ၅၀၀ စီစီ | | | | | ၂၈,၀၀၀ | ၂၅,၀၀၀ | | | ၃၀,၀၀၀ | | |
| ဟော်မုန်း | | | | | | | | | | | | | | |
| ၄၁ | ဂရိုးဩ | ထုပ် | ၁၀ စီစီ | ၁,၃၀၀ | | ၁,၄၀၀ | ၂,၀၀၀ | ၂,၀၀၀ | ၁,၂၀၀ | | ၁,၃၀၀ | ၂,၀၀၀ | | |
| ၄၂ | ဖာတီစတက် | ဗူး | ၅၀၀ စီစီ | | | | | ၁၆,၀၀၀ | ၂၈,၀၀၀ | | | | | |
| ၄၃ | မော်ရယ်မုန်း/လစ်တိုဇင် | ဗူး | ၅၀၀ စီစီ | ၂၃,၀၀၀ | | ၂၇,၄၀၀ | ၁၅,၀၀၀ | ၂၀,၀၀၀ | ၂၃,၀၀၀ | | ၁၉,၀၀၀ | ၃၅,၀၀၀ | ၂၂,၅၀၀ | |
| ၄၄ | အာမို | ဗူး | ၅၀၀ စီစီ | | | | | ၁၅,၀၀၀ | ၂၃,၀၀၀ | | ၂၄,၀၀၀ | ၄၀,၀၀၀ | | |
| ၄၅ | GA3 | ထုပ် | ၁၀ ဂရမ် | ၂,၀၀၀ | | | | ၂,၂၀၀ | ၂,၀၀၀ | ၁,၈၀၀ | ၂,၇၅၀ | ၂,၇၀၀ | ၁,၅၀၀ | ၃,၀၀၀ |

စိုက်ပျိုးရေးဦးစီးဌာန

စီမံကိန်းရေးဆွဲသုံးသပ်ရေးဌာနခွဲ

ဈေးကွက်သတင်းအချက်အလက်စနစ်


ဌာနစိတ်မှ ပြုစုသည်

# လယ်ယာထွက်ကုန် ဈေးကွက်အခြေအနေများ


## ဈေးကွက်သတင်း အချက်အလက်များ

## နှံစားသီးနှံ

### ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး





➢ နိုဝင်ဘာလ ဒုတိယ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာပျမ်းမျှတစ်တင်းလျှင်(၃၀၁၀၀)ကျပ်ရှိနေပြီး တစ်တင်းဈေးနှုန်း (၃၈၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ နိုဝင်ဘာလပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက မွန်ဈေးကွက်တွင်သာ တစ်တင်းလျှင် ၃၀၀၀ကျပ်(၁၀.၃%) ခန့်ဈေးနှုန်းမြင့်တက်ခဲ့ပြီး စစ်ကိုင်းနှင့် တနင်္သာရီဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀ ကျပ် မှ ၂၀၀၀ ကျပ် (၁.၄%မှ ၈.၇%)ခန့် ဈေးနှုန်းလျော့ကျခဲ့ကာ ကျန်ဈေးကွက်အများစု၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။




➢ နိုဝင်ဘာလဒုတိယ(၁၅)ရက်အတွင်းမနောသုခစပါးပျမ်းမျှတစ်တင်းဈေးနှုန်းမှာ(၁၈၇၅၅)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၂၃၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ဖြစ်နေပါသည်။ နိုဝင်ဘာလပထမ (၁၅)ရက်နှင့် နှိုင်းယှဉ် ပါက တနင်္သာရီ၊ဧရာဝတီ၊မကွေးနှင့်ရန်ကုန်ဈေးကွက်များတွင် တစ်တင်းလျှင် ၂၅၀ ကျပ်မှ၁၀၀၀ကျပ် (၁.၂%မှ၆.၃%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စစ်ကိုင်း၊ မန္တလေးနှင့် မွန် ဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၄၀၀၀ ကျပ် (၂.၂%မှ ၁၇.၄%) ဈေးနှုန်းလျော့ကျခဲ့ပြီး ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နိုတင်ဘာလဒုတိယ (၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းတည်ငြိမ်နေပြီး မနောသုခစပါးဈေးနှုန်းများမှာ ဈေးကွက်အချို့တွင် ဈေးနှုန်းလျော့ကျလျက်ရှိကြောင်း တွေ့ရှိရပါသည်။

### အစေ့ထုတ်ပြောင်း




❖ နိုဝင်ဘာလဒုတိယ(၁၅)ရက်အတွင်း အစေ့ထုတ်ပြောင်း၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၂၀၅၀၀)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၂၆၀၀၀) ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်ခဲ့သည့်ဈေးကွက်မရှိဘဲ မကွေး၊ ဧရာဝတီနှင့် ရှမ်းဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်(၈.၀% မှ ၃၂.၀%)ခန့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။


## ဆီထွက်သီးနှံဈေးနှုန်းများ

### နှမ်း၊ မြေပဲ၊ နေကြာ


• နိုဝင်ဘာလဒုတိယ(၁၅)ရက်၌ ဈေးကွက်အတွင်း နှမ်းနက်တစ်တင်းပျမ်းမျှဈေးနှုန်းမှာ(၉၈၇၅၀)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၁၃၂၀၀၀) ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မကွေးနှင့် တနင်္သာရီဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၆၅၀၀ ကျပ် (၁.၉% မှ ၅.၉%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စစ်ကိုင်း၊ မန္တလေးနှင့် မွန် ဈေးကွက်များတွင် တစ်တင်းလျှင် ၅၀၀၀ ကျပ် မှ ၁၀၀၀၀ ကျပ်(၄.၅% မှ ၉.၁%)ခန့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ဈေးကွက်အများစု၌ ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်း တွေ့ရှိရပါသည်။

• နိုဝင်ဘာလဒုတိယ(၁၅)ရက်အတွင်း မြေပဲ(အခွံပါ) တစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၃၁၅၀၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၄၀၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်ခဲ့သည့်ဈေးကွက်မရှိဘဲ စစ်ကိုင်း၊ ပဲခူး၊ မွန်၊ ရန်ကုန်နှင့် မကွေးဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ ကျပ် မှ ၁၀၀၀၀ ကျပ်(၃.၀% မှ ၃၃.၃%)ခန့် ဈေးနှုန်းလျော့ကျခဲ့ကာ ကျန်ဈေးကွက်များ၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

• နိုဝင်ဘာလဒုတိယ(၁၅)ရက်အတွင်း နေကြာတစ်တင်းပျမ်းမျှဈေးနှုန်းမှာ(၄၄၃၁၄)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၅၃၀၀၀)ကျပ် ရှိနေပါသည်။ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်ခဲ့သည့်ဈေးကွက်မရှိဘဲ စစ်ကိုင်းနှင့် ရှမ်း ဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်(၃.၇% မှ ၂၀.၀%)ခန့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်နေပါသည်။





| ဈေးကွက်အမည် | မြေပဲ(အခွံပါ)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | နိုဝင်ဘာလ ပထမ (၁၅)ရက် | နိုဝင်ဘာလ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၃၀,၀၀၀ | ၃၀,၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၃၀,၀၀၀ | ၂၈,၀၀၀ | (-)၆.၆၇ |
| မန္တလေး | ၃၀,၀၀၀ | ၃၀၀၀၀ | ၀.၀၀ |
| မကွေး | ၃၀,၀၀၀ | ၂၀,၀၀၀ | (-)၃၃.၃၃ |
| ပဲခူး | ၄၂,၀၀၀ | ၄၀,၀၀၀ | (-)၄.၇၆ |
| စစ်ကိုင်း | ၃၃,၀၀၀ | ၃၂,၀၀၀ | (-)၃.၀၃ |
| ကချင် | ၂၅,၀၀၀ | ၂၅,၀၀၀ | ၀.၀၀ |
| ကယား | ၃၂,၀၀၀ | ၃၂,၀၀၀ | ၀.၀၀ |
| ကရင် | ၃၂,၀၀၀ | ၃၂,၀၀၀ | ၀.၀၀ |
| မွန် | ၃၆,၀၀၀ | ၃၄,၀၀၀ | (-)၅.၅၆ |
| ရခိုင် | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀.၀၀ |
| ရှမ်း | ၄၀,၀၀၀ | ၄၀,၀၀၀ | ၀.၀၀ |



## စားဖိုဆောင်သီးနှံ

### ကြက်သွန်နီ





❖ နိုဝင်ဘာလဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်နီ တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ (၃၆၃၂)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၅၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ရန်ကုန်၊ ပဲခူး၊ တနင်္သာရီနှင့် ရှမ်း ဈေးကွက်များတွင် တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၁၀၀၀ ကျပ်(၂.၆% မှ ၂၀.၀%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မွန်၊ စစ်ကိုင်းနှင့် မန္တလေး ဈေးကွက်များတွင် တစ်ပိဿာလျှင် ၃၀၀ကျပ်မှ ၁၂၀၀ ကျပ်(၈.၆%မှ၃၁.၆%)ခန့်ဈေးနှုန်း လျော့ကျခဲ့ကာ ကျန်ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်းတွေ့ရှိရသည်။

### ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | နိုဝင်ဘာ ပထမ (၁၅)ရက် | နိုဝင်ဘာ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၀,၀၀၀ | ၂၀,၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၁၃,၀၀၀ | ၁၄,၀၀၀ | (+)၇.၆၉ |
| မန္တလေး | ၁၂,၀၀၀ | ၁၁၀၀၀ | (-)၈.၃၃ |
| မကွေး | ၁၀,၀၀၀ | ၁၀,၀၀၀ | ၀.၀၀ |
| ပဲခူး | ၁၄,၀၀၀ | ၁၆,၀၀၀ | (+)၁၄.၂၉ |
| စစ်ကိုင်း | ၂၄,၀၀၀ | ၂၄,၀၀၀ | ၀.၀၀ |
| ဧရာဝတီ | ၁၀,၀၀၀ | ၁၅,၀၀၀ | (+)၅၀.၀၀ |
| တနင်္သာရီ | ၁၀,၅၀၀ | ၁၂,၂၅၀ | (+)၁၆.၆၇ |
| ကချင် | ၁၁,၀၀၀ | ၁၁,၀၀၀ | ၀.၀၀ |
| ကယား | ၁၂,၀၀၀ | ၁၂,၀၀၀ | ၀.၀၀ |
| ကရင် | ၁၀,၀၀၀ | ၁၀,၀၀၀ | ၀.၀၀ |
| မွန် | ၁၂,၀၀၀ | ၁၄,၀၀၀ | (+)၁၆.၆၇ |
| ရခိုင် | ၁၀,၀၀၀ | ၁၀,၀၀၀ | ၀.၀၀ |
| ရှမ်း | ၁၃,၀၀၀ | ၁၃,၀၀၀ | ၀.၀၀ |


❖ နိုဝင်ဘာလဒုတိယ(၁၅)ရက်အတွင်းကြက်သွန်ဖြူ ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ(၁၃၇၃၂)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ရန်ကုန်၊ တနင်္သာရီ၊ မွန်၊ ပဲခူးနှင့် ဧရာဝတီဈေးကွက်များတွင် တစ်ပိဿာလျှင် ၁၀၀၀ကျပ် မှ ၅၀၀၀ကျပ်(၇.၇%မှ ၅၀.၀%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မန္တလေး ဈေးကွက်တွင်သာ တစ်ပိဿာလျှင် ၁၀၀၀ ကျပ် (၈.၃%) ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပါသည်။

### ခရမ်းချဉ်




❖ နိုဝင်ဘာလဒုတိယ(၁၅)ရက်အတွင်း ခရမ်းချဉ်သီး တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ (၂၄၄၃)ကျပ်ဖြစ်ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်ခဲ့သည့်ဈေးကွက်မရှိဘဲ တနင်္သာရီ၊ ပဲခူးနှင့် ရှမ်းဈေးကွက်များတွင် တစ်ပိဿာလျှင် ၁၀၀ ကျပ် မှ ၅၀၀ ကျပ် (၂.၆% မှ ၂၅.၀%) ခန့် ဈေးနှုန်းလျော့ကျခဲ့ကာ ကျန်ဈေးကွက်အများစုတွင် ဈေးနှုန်းတည်ငြိမ်နေပါသည်။


### ငရုတ်အစိ




❖ နိုဝင်ဘာလဒုတိယ(၁၅)ရက်အတွင်း ငရုတ်(အစိ) ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၆၄၅၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၁၈၀၀၀)ကျပ် ရှိနေပါသည်။ ယခင် (၁၅) ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တနင်္သာရီ၊ရခိုင်နှင့်မန္တလေးဈေးကွက်များတွင်တစ်ပိဿာလျှင် ၇၅၀ ကျပ်မှ ၆၀၀၀ ကျပ် (၇.၃% မှ ၅၀.၀%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မွန်နှင့် မကွေး ဈေးကွက်များတွင် တစ်ပိဿာလျှင် ၄၀၀၀ ကျပ်မှ ၄၅၀၀ကျပ် (၄၀.၀% မှ ၆၀.၀%)ခန့်ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှုမရှိသည်ကိုတွေ့ရှိရပါသည်။

### ငရုတ်(အခြောက်)

❖ နိုဝင်ဘာလဒုတိယ(၁၅)ရက်အတွင်းငရုတ်(အခြောက်) ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၁၈၂၆၁)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် (၃၀၀၀၀)ကျပ် ရှိနေပါသည်။ ယခင် (၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ပဲခူးနှင့် မန္တလေးဈေးကွက်များတွင် တစ်ပိဿာလျှင် ၁၀၀၀ ကျပ်မှ၂၀၀၀ကျပ် (၅.၉% မှ ၈.၀%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စစ်ကိုင်း၊ မကွေးနှင့် တနင်္သာရီဈေးကွက်များတွင် တစ်ပိဿာလျှင် ၅၀၀ ကျပ် မှ ၁၃၅၀ကျပ် (၃.၃% မှ ၈.၄%) ခန့်ဈေးနှုန်းကျဆင်းခဲ့ပါသည်။ ကျန်ဈေးကွက်အများစု၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။




## အသား/ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၃ခုနှစ်နိုဝင်ဘာလ ဒုတိယ (၁၅) ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| ငါးအမျိုးမျိုး | | | | | |
| ငါးသလောက် | ပိဿာ | ၂၄၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ |
| ငါးကြင်း(ဖြူ) | ॥ | ၁၂၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | - |
| ငါးကြင်း(နီ) | ॥ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ | - |
| ငါးမြင်း | ॥ | ၈၀၀၀ | - | - | - |
| ငါးတန် | ॥ | ၁၀၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၂၀၀၀၀ |
| ငါးခူ | ॥ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ |
| ငါးကျည်း | ॥ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၅၀၀၀ |
| ငါးရံ့ | ॥ | ၁၂၀၀၀ | ၁၅၀၀၀ | - | ၁၉၀၀၀ |
| ကကတစ် | ॥ | ၁၈၀၀၀ | ၁၈၀၀၀ | - | ၁၉၀၀၀ |
| တီလားပီးယား | ॥ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၉၀၀၀ |
| ပြည်ကြီးငါး | ॥ | ၃၅၀၀၀ | ၂၅၀၀၀ | - | ၁၅၀၀၀ |
| ကင်းမွန် | ॥ | ၂၅၀၀၀ | ၂၀၀၀၀ | - | ၁၄၀၀၀ |
| ပုစွန်အမျိုးမျိုး | | | | | |
| ပုစွန်ထုပ်ကြီး | ॥ | ၃၅၀၀၀ | ၄၀၀၀၀ | ၃၅၀၀၀ | ၅၀၀၀၀ |
| ပုစွန်ရေချို | ॥ | ၂၀၀၀၀ | ၁၄၅၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ပုစွန်ဆိတ် | ॥ | ၁၀၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ |
| ကဏန်းအမျိုးမျိုး | | | | | |
| ကဏန်းပျော့ | ॥ | ၁၆၀၀၀ | - | ၁၃၀၀၀ | ၂၄၀၀၀ |
| ကဏန်းမာ | ॥ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ |
| အသားအမျိုးမျိုး | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ |
| ကြက်(ဒေသ) | ॥ | ၂၂၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ |
| ဘဲ | ॥ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ |
| ဝက် | ॥ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ |
| အမဲ | ॥ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ |
| ဆိတ် | ॥ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ |
| ဥအမျိုးမျိုး | | | | | |
| ကြက်ဥ | လုံး | ၂၅၀ | ၂၅၀ | ၃၀၀ | ၃၅၀ |
| ဘဲဥ | ॥ | ၃၅၀ | ၃၀၀ | ၃၅၀ | ၄၀၀ |
| ငုံးဥ | ॥ | ၇၅ | ၆၀ | ၅၀ | ၁၀၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန





# ပြည်တွင်းသတင်းများ

## ပြည်တွင်းဝယ်လိုအားကိုသာ မှီခိုနေရသည့်အတွက် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလာ

- ကြက်သွန်နီဈေးကွက်သည်နိုဝင်ဘာလလယ်တွင် ပြည်ပဈေးကွက်မရှိခြင်းကြောင့် ပြည်တွင်းဈေးကွက်အပေါ် မှီခိုနေရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဘုရင့်နောင်လက်ကားဈေးကွက်ရှိ ရေတမာလမ်း ကြက်သွန်ကုန်စည်ဒိုင်များ၏ အဆိုအရ မိုးကြက်သွန်နီအသစ်များ ရန်ကုန်ဈေးကွက်အတွင်းသို့ မကြာမီဝင်ရောက်လာမည်ဖြစ်ကြောင်း၊
- ရန်ကုန်ဈေးကွက်အတွင်းရောင်းချမည့် ကြက်သွန်နီ ကုန်လက်ကျန်များ စုပုံများပြားနေသဖြင့် ဘုရင့်နောင်ဈေးကွက်မှ မိုးကြက်သွန်နီအသစ်များ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှုကို အချိန်ဆွဲထားရန် အကြောင်းကြားထားသည်ဟုကုန်သည်များကပြောကြားထားကြောင်း၊
- အချို့ဒေသများတွင် ကြက်သွန်နီ ကုန်လက်ကျန်အများအပြားရှိနေခြင်းကြောင့် ဈေးနှုန်းကျဆင်းသွားနိုင်ပါသည်ဟု မြစ်ဝကျွန်းပေါ်ဒေသမှ ကုန်သည်တစ်ဦးက ပြောခဲ့ကြောင်း၊ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာ ၁၄ ရက်က ကြက်သွန်နီ ပိဿာချိန်ပေါင်း ၉၀,၀၀၀ ခန့် ဝင်ရောက်လာသဖြင့် နွေကြက်သွန်နီ ဈေးနှုန်းမှာ အရွယ်အစားနှင့် ထွက်ရှိရာဒေသအပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၂,၃၀၀ မှ ၃၇၀၀ သို့ ကျဆင်းခဲ့ကြောင်း၊ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် ၂၀၀ မှ ၄၀၀ အထိ ကျဆင်းသွားပါကြောင်း၊ ယခင်နှစ် ကာလတူဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃,၄၀၀ မှ ၄,၃၀၀ အထိ ဈေးမြင့်တက်ခဲ့ကြောင်း၊
- နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အတွင်း နေ့စဉ်ရောင်းလိုအားပမာဏမှ ကြက်သွန်နီ ပိဿာချိန်ပေါင်း ၁၅၀,၀၀၀ ရှိကြောင်း၊ နိုဝင်ဘာ ၁၃ ရက်က ကြက်သွန်နီ ပိဿာချိန်ပေါင် ၁၈၀,၀၀၀ ခန့် ရန်ကုန်သို့ ဝင်ရောက်ခဲ့ပါကြောင်းကို (၁၅-၁၁-၂၀၂၃) ရက်နေ့ထုတ် Global New Light Of Myanmar သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်အေးအေးခိုင်၊စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/onion-prices-decrease-as-market-shifts-to-solely-rely-on-domestic-demand/

★

## ပဲစင်းငုံတစ်တန်လျှင် ကျပ် (၁၀၀,၀၀၀)ကျော်ကျဆင်း

- နိုဝင်ဘာလ (၁၄)ရက်နေ့တွင် ရန်ကုန်ပဲဈေးကွက်၌ RC မတ်ပဲတစ်တန်လျှင် ငွေကျပ် (၂.၉) သန်း နှင့် SQ/RC မတ်ပဲတစ်တန်လျှင် ငွေကျပ်(၃,၁၄၅,၀၀၀)ရှိပြီး ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ပဲစင်းငုံ တစ်တန်လျှင် ငွေကျပ် (၃,၇၅၀,၀၀၀)သို့ရောက်ရှိပြီး ဈေးနှုန်း ကျဆင်းသွားခဲ့ကြောင်း၊
- နိုဝင်ဘာလ(၆)ရက်နေ့မှ (၁၃)ရက်နေ့အထိ RC မတ်ပဲတစ်တန်လျှင် ငွေကျပ် (၂.၉)သန်း အောက် ရောက်ရှိခဲ့ပြီး နိုဝင်ဘာလ(၁၄)ရက်နေ့တွင် ကျပ်(၂.၉)သန်းအထိ မြင့်တက်ခဲ့ကြောင်း၊ စက်တင်ဘာလ (၂၉)ရက်နေ့မှ နိုဝင်ဘာလ (၃)ရက်နေ့အထိ ပဲစင်းငုံဈေးမှာ တစ်တန်လျှင် ငွေကျပ် (၄,၀၇၅,၀၀၀) ပေါက်ဈေးရှိခဲ့သော်လည်း နိုဝင်ဘာလ(၆)ရက်နေ့မှ (၁၃)ရက်နေ့အထိ ပဲစင်းငုံဈေးမှာ ကျပ်(၃,၉၀၀,၀၀၀)သို့ ကျဆင်းခဲ့ကြောင်း၊
- ပဲစင်းငုံဈေးသည် နိုဝင်ဘာလ(၁၄)ရက်နေ့က ကျပ် (၃,၇၅၀,၀၀၀)သို့ကျဆင်းခဲ့ပြီးတစ်ရက်အတွင်း တစ်တန်လျှင် ကျပ်(၁၅၀,၀၀၀) ကျဆင်းခဲ့ကြောင်း၊ အိန္ဒိယမှ အဓိက ဝယ်လိုအားဖြစ်သည့် မြန်မာ့ပဲနှင့် ပဲမျိုးစုံဝယ်လိုအားကြောင့် အဆိုပါ ပဲ(၂)မျိုးသည် ယခုလတွင် ဈေးမြင့်နေဆဲဖြစ်ကြောင်း၊ အဆိုပါ ပဲအမျိုးအစား(၂)မျိုး၏ ဈေးနှုန်းပြောင်းလဲမှုများသည် (၂၀၂၂)နှင့်(၂၀၂၃)ခုနှစ် ကြားတွင် ထူးခြားသည်ဟု ပဲဈေးနှုန်းလေ့လာသူတစ်ဦးက ပြောကြောင်း၊
- ဇန်နဝါရီ (၂)ရက်နေ့က RCမတ်ပဲတစ်တန်လျှင် ကျပ် (၁,၆၉၀,၀၀၀)ပေါက်ဈေး ရှိခဲ့ကြောင်း၊ အောက်တိုဘာလ (၃၁)ရက်နေ့က မတ်ပဲတစ်တန်ဈေးနှုန်းသည် ကျပ် (၂,၉၃၇,၅၀၀)ထိရှိခဲ့ပြီး ယခု ဈေးနှုန်းသည် (၂၀၂၃)ခုနှစ်အတွင်း အမြင့်ဆုံးပေါက်ဈေးအဖြစ် ဆက်လက်ရှိနေသေးကြောင်း၊
- ပဲစင်းငုံဈေးသည် ဇန်နဝါရီလ (၂)ရက်နေ့တွင် ကျပ် (၁,၇၅၅,၀၀၀)နှင့် စက်တင်ဘာလ(၈)ရက်နေ့တွင် ကျပ် (၄၁၅၀,၀၀၀)အထိ အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့သော်လည်း နိုဝင်ဘာလ(၁၄) ရက်နေ့တွင် ကျပ်(၃,၇၅၀,၀၀၀)သို့ကျဆင်းခဲ့ကြောင်း၊ ယခုနှစ်တွင် ပဲစင်းငုံဈေး တစ်တန်လျှင် (၂,၉၇၅,၀၀၀)ကျပ်ဖြစ်ပြီး ယခင်(၂၀၂၂)ခုနှစ်၏ ကာလတူဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း (၁၅.၁၁.၂၀၂၃)ရက်နေ့တွင် ထုတ်ဝေခဲ့သော The Global New Light of Myanmar ကွန်ရက်ဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

source: https://www.gnlm.com.mm/price-of-pigeon-peas-falls-by-over-k100000/

★

## "World of Coffee Dubai 2024"တွင် ပါဝင်ဆင်နွှဲရန် မြန်မာ့ကော်ဖီ ရောင်းချသူများထံဖိတ်ကြား

- ဇန်နဝါရီလ (၂၁-၂၃)ရက်နေ့တွင် ဒူဘိုင်းမြို့၌ကျင်းပမည့် World of Coffee Dubai 2024 အား ပါဝင်ဆင်နွှဲရန်အတွက် နိုင်ငံတကာသို့ဈေးကွက်ချဲ့ထွင်လိုသည့် မြန်မာ့ကော်ဖီ ရောင်းချသူများထံ ဖိတ်ကြားထားကြောင်းကို ဒူဘိုင်းမြို့ရှိ မြန်မာနိုင်ငံစီးပွားရေးဆိုင်ရာ သံကိုယ်စားလှယ်က ပြောကြားခဲ့ကြောင်း၊
- World of Coffee Dubai 2024 သည် ကြီးမားကျယ်ပြန့်လာသည့် ကော်ဖီလုပ်ငန်းနယ်ပယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေလျက်ရှိသော ပြပွဲစီစဉ်သူများနှင့် ညှိသည် တော်များအကြား ပိုမိုကျယ်ပြန့်စွာ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သည့် ကွန်ရက်သဖွယ်ဖြစ်သည်ကို ပြသနိုင်ရန် Dubai World Trade Centre ၏ DXB Live မှ ကြီးမှူးကျင်းပသွားမည် ဖြစ်ကြောင်း၊
- World of Coffee Dubai 2024 ပြပွဲတွင် Roaster Village, Cup Room နှင့် Brew Bar ကဲ့သို့ အမျိုးမျိုးသော အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး လုပ်ရည်ကိုင်ရည်နှင့် တီထွင်ကြံဆနိုင်စွမ်းကို အသုံးချနိုင်သော အလေ့အကျင့်ကောင်းများအပေါ် အထူးအလေးပေးဆောင်ရွက်သွားမည် ဖြစ်ပြီး ပြည့်စုံ ကောင်းမွန်သည့် ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန် အတွက် ဆွေးနွေးပွဲအတွင်း နိုင်ငံတကာ ကော်ဖီအသိုင်းအဝန်း၏ ဆွေးနွေးမှုများနှင့် ကတိကဝတ်များအရ လုပ်ငန်းခွင်၌ အရေးကြီးသော ရေရှည်တည်တံ့သည့်အလေ့အကျင့်များကိုပေါ်လွင်မြင်သာစေရန် သတ်မှတ်နေရာများ စီမံဆောင်ရွက် သွားမည် ဖြစ်ကြောင်း၊
- ထိုအလုပ်ရုံဆွေးနွေးပွဲများသည် ဒေသတွင်းဈေးကွက်ချဲ့ထွင်ရန် ကြိုးပမ်းနေသော ထိပ်တန်း အမှတ်တံဆိပ်များနှင့် လူသိများကျော်ကြားပြီးသော ကော်ဖီအမှတ်တံဆိပ်၏ လက်ခွဲများအဖြစ် ရပ်တည်ရန် စိတ်အားထက်သန်နေသော ရင်းနှီးမြှုပ်နှံသူများထံ Franchise Village ကဲ့သို့သော ကုန်ပစ္စည်းအသစ်များအား ကြော်ငြာမိတ်ဆက်ကာ သိရှိစေနိုင်ကြောင်း၊
- အဆိုပါပလက်ဖောင်းသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းများ ရှာဖွေရာတွင် အဓိကသော့ချက်တစ်ခုအဖြစ် World of Coffee ၏ အခန်းကဏ္ဍကို ပိုမိုခိုင်မာစေကြောင်း၊ ပြပွဲအင်္ဂါရပ်များနှင့်အစီအစဉ်များတွင် ဝယ်သူများနားနေခန်း၌ ဝယ်သူများ၊ ကော်ဖီစိုက်တောင်သူများ၊ ကုန်သည်များ၊ ဖြန့်ဖြူးသူများ၊ ကော်ဖီစေ့လှော်သူများ၊ ခရီးသွားလုပ်ငန်း နှင့် ညှိသည်ဝန်ဆောင်မှုကဏ္ဍများမှ စားသောက်ဖွယ်ရာ၊ အဖျော်ယမကာ မန်နေဂျာများ တွေ့ဆုံဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းသည် ကော်ဖီလုပ်ငန်းရှိ သက်ဆိုင်သူများအကြား အပြန်အလှန် ဆက်နွယ်ချိတ်ဆက်မှုကို အားကောင်းစေပြီး အလားအလာရှိသော စီးပွားဖက်များနှင့်ငွေပေးချေမှုဆိုင်ရာ ကိစ္စများအတွက် စံနမူနာသဖွယ် ဖြစ်စေကြောင်း၊
- ထို့အပြင် (၂၀၂၄)ပြပွဲ၌ ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်သူများထားရှိရန် ကြီးမားခမ်းနားသော ခန်းမဆောင်(၂)ခု စီစဉ်ထားပေးမည်ဖြစ်ကြောင်း၊ခန်းမဆောင်(၁)ခု၌ ကော်ဖီလက်ရွေးစင်အသင်း၏ ဆွေးနွေးပွဲများကျင်းပရန်ရည်ရွယ်ထားပြီး အခြားခန်းမဆောင်၌ လတ်တလော ရေပန်းစားလျက်ရှိသည့် အကြောင်းအရာများ၊ ဆန်းသစ်တီထွင်မှုများ နှင့် ကော်ဖီထုတ်ကုန်ဆိုင်ရာများကို ကမ္ဘာတဝှမ်းရှိ ကော်ဖီထုတ်ကုန်ကျွမ်းကျင်ပညာရှင်များနှင့် အထူးပြုလေ့လာသူများပါဝင်ကာ ကဏ္ဍစုံဆွေးနွေးသွားမည် ဖြစ်ကြောင်း၊
- သို့ဖြစ်၍ ဤပြပွဲသည် ပူးပေါင်းပါဝင်သူများအတွက် နိုင်ငံတကာကော်ဖီလုပ်ငန်းနှင့် ကွန်ရက်ဖြန့်ကျက်ကာ ပေါင်းကူးချိတ်ဆက်နိုင်စေသည့်အပြင် ၎င်းပြပွဲအခမ်းအနား၏ အစီအစဉ်ပေါင်းများစွာသည်ဈေးကွက်ချဲ့ထွင်ရန်အတွက်နှင့် ကော်ဖီလုပ်ငန်းအတွက် အခွင့်အလမ်းပေါင်း များစွာ ချိတ်ဆက်ရရှိစေနိုင်ရန်အတွက် အခမ်းအနားတစ်ခုသဖွယ် ဖြစ်စေသောကြောင့် စိတ်ပါဝင်စား သူများအနေဖြင့် dubai.worldofcoffee.org သို့ သွားရောက်ကာ

ပါဝင်ဆင်နွှဲနိုင်ကြောင်းကို (၂၂.၁၁.၂၀၂၃) ရက်နေ့တွင် ထုတ်ပြန်သည့် Global New Light of Myanmar သတင်းဆောင်းပါးအရ သိရှိရ ပါသည်။

ဒေါ်နှင်းရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://cdn.myanmarseo.com/file/clientcdn/2023/11/22_Nov_23_gnlm.pdf

★

## မြေပဲဈေးနှုန်း ကျဆင်းသွားသည့်အတွက် မြေပဲဆီဈေးနှုန်းကျဆင်း

- နိုဝင်ဘာလ(၂၀)ရက်နေ့တွင် မုံရွာနှင့် မန္တလေးဈေးကွက်များ၌ မြေပဲဈေးနှုန်းများ ကျဆင်းမှုကြောင့် မြေပဲဆီဈေးနှုန်းများ ကျဆင်းသွားခဲ့ကြောင်း၊ အဆိုပါရက်များ၌ မုံရွာကုန်စည်ဒိုင်တွင် မြေပဲဆီ လက်ကားဈေးနှုန်းသည် တစ်ပိဿာလျှင် (၁၁,၅၀၀)ကျပ်နှင့် နှမ်းဆီ လက်ကားဈေးနှုန်းမှာ တစ်ပိဿာလျှင်(၁၂,၀၀၀)ကျပ် ရှိကြောင်း၊ ဇူလိုင်လ အစောပိုင်းတွင် မြေပဲဆီ ဈေးနှုန်းသည် တစ်ပိဿာလျှင် (၁၃,၀၀၀)ကျပ်မှ (၁၃,၅၀၀)ကျပ်အထိနှင့် နှမ်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် (၁၂,၀၀၀)ကျပ်မှ (၁၂,၅၀၀)ကျပ်အထိ ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း၊
- နိုဝင်ဘာလ (၂၆)ရက်နေ့၊ နောက်ဆုံးအပတ်၌ စားအုန်းဆီလက်ကား ရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာလျှင် (၄,၉၀၀)ကျပ်အထိရှိကြောင်း၊ မန္တလေးဈေးကွက်တွင် မြေပဲဆီ လက်ကားဈေးနှုန်းနှင့် စားအုန်းဆီ လက်ကား ရည်ညွှန်း ဈေးနှုန်းများကြား ကွာဟချက်မှာ ခန့်မှန်းခြေ တစ်ပိဿာလျှင် (၆၀၀၀)ကျပ်မှ (၇,၀၀၀)ကျပ်အထိရှိကြောင်း၊ (၁၈)လီတာဆံ့ စားအုန်းဆီပုံး၏ ဈေးနှုန်းကွာဟချက်မှာ တစ်ပိဿာလျှင် (၃,၀၀၀)ကျပ်မှ (၅,၀၀၀)ကျပ် ရှိပြီး ကွာဟချက် ကျဉ်းမြောင်းလာကြောင်း၊
- ရန်ကုန်ဈေးကွက်တွင် စားအုန်းဆီ လက်လီရည်ညွှန်းဈေးနှုန်းနှင့် မြေပဲဆီဈေးနှုန်းတို့၏ ကွာဟချက်မှာ တစ်ပိဿာလျှင် (၁၀,၀၀၀)ကျပ်အထိရှိပြီး မြေပဲဆံဈေးနှုန်းမှာ တစ်ပိဿာလျှင် (၇,၀၀၀)ကျပ်အထိရှိခဲ့ပြီး စားအုန်းဆီဈေးနှုန်းထက်ပို၍ မြင့်တက်ခဲ့ကြောင်း၊
- ဝယ်လိုအား ကျဆင်းခြင်းနှင့် ပြည်ပဝယ်လိုအား မရှိခြင်းတို့ကြောင့် လက်ရှိ မြေပဲဆံ ဈေးနှုန်းမှာ တစ်ပိဿာလျှင် (၁,၀၀၀)ကျပ်ခန့် ကျဆင်းသွားခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်၊ နှစ်လယ် ပိုင်းတွင် မြေပဲဆံဈေးနှုန်းမှာ တစ်ပိဿာလျှင် (၇,၀၀၀)ကျပ်အထိ ကျဆင်းသွားခဲ့ကြောင်း၊
- မြေပဲဆံ အရည်အသွေးပေါ်မူတည်၍ မြေပဲဆီထုတ်လုပ်မှုမှာ အမျိုးမျိုးကွဲပြားလျက်ရှိကြောင်း၊ မြေပဲဆံတစ်ပိဿာလျှင် မြေပဲဆီ(၃၈-၄၃)ကျပ်သားနှင့် မြေပဲဖတ် (၅၀)ကျပ်သား ခန့် ထွက်ရှိကြောင်း၊ အမြင့်ဆုံးထွက်ရှိမှုမှာ မြေပဲဆီ (၄၅)ကျပ်သား ဖြစ်ကြောင်း၊
- လက်ရှိတွင် တရုတ်ဝယ်လက်များသည် အချဉ်ဓာတ်စမ်းသပ်မှုအောင်မြင်သောကြောင့် မိုးနှမ်းများကို မျက်စိကျလျက်ရှိသဖြင့် နှမ်းဈေးနှုန်းမှာ (၁၅)ပိဿာဝင်ဆန့်သော(၁)တင်းလျှင်(၁၀၀,၀၀၀)ကျပ်အထိ မြင့်တက်လာခဲ့ပါကြောင်း(၂၂-၁၁-၂၀၂၃)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော https://www.gnlm.com.mm ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/peanut-oil-price-dips-tracking-decline-in-peanut-price/

★

# ပြည်ပသတင်းများ

## သီရိလင်္ကာနိုင်ငံသည် ပြည်ပတင်ပို့ရန် ရည်ရွယ်၍ စတော်ဘယ်ရီသီးများ စိုက်ပျိုး

- သီရိလင်္ကာစိုက်ပျိုးရေးဝန်ကြီးဌာနသည် ပြည်ပသို့ သီးနှံတင်ပို့ရောင်းချရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူအဖွဲ့တစ်ဖွဲ့မှ တင်ပြသည့် စတော်ဘယ်ရီစိုက်ပျိုးရေး စီမံကိန်းအတွက် ခွင့်ပြုပေးထားကြောင်း၊
- ကမ္ဘာ့စတော်ဘယ်ရီသီးဝယ်လိုအား မြင့်မားနေသော်လည်း ခေတ်မီစိုက်ပျိုးနည်းစနစ်များ မရှိခြင်းကြောင့် လက်ရှိတွင် ပြည်တွင်း၌စိုက်ပျိုးထားသည့် စတော်ဘယ်ရီဝယ်လိုအား အနည်းငယ်သာရှိနေကြောင်း၊ သီရိလင်္ကာနိုင်ငံသည်စတော်ဘယ်ရီတင်ပို့သည့်နိုင်ငံများတွင်အဆင့် (၅၇) ရှိကာ စတော်ဘယ်ရီဈေးကွက်သည် နှစ်စဉ်အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိပြီး စတော်ဘယ်ရီသည် အရည်ရွှမ်း နူးညံ့သောသစ်သီးအဖြစ် လူကြိုက်များလှကြောင်း၊
- အတည်ပြုထားသော စီမံကိန်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့် စိုက်ပျိုးရေးဝန်ကြီးဌာနပိုင် Nuwara Eliya ရှိ မြေတစ်ဟက်တာကို ကနဦးအဆင့်တွင် ရှေ့ပြေးစီမံကိန်းအဖြစ် ခွဲဝေပေးမည် ဖြစ်ကြောင်း၊ စီမံကိန်းအောင်မြင်မှုအပေါ်မူတည်၍ စတော်ဘယ်ရီစိုက်ပျိုးရန်အတွက် (၁၀) ဟက်တာ အထိ ဆောင်ရွက်ထောက်ပံ့ပေးမည်လည်းဖြစ်ကြောင်း၊
- စိုက်ပျိုးမှုတွင် နည်းပညာအသစ်များကို အသုံးပြုခြင်းဖြင့် တစ်ဟက်တာလျှင် (၁၁၇,၆၀၀) ဒေါ်လာရရှိနိုင်ပြီး အမြင့်ဆုံးအထွက် (၁၂၀,၀၀၀)ကီလိုဂရမ် ခူးဆွတ်နိုင်မည်ဖြစ်ကြောင်း၊ စတော်ဘယ်ရီတစ်ဟက်တာစိုက်ပျိုးရန် ရင်းနှီးမြှုပ်နှံမှုမှာရူပီးသန်း(၂၅၀)လိုအပ်ကြောင်း(၁၅.၁၁.၂၀၂၃) နေ့က ဖတ်ရှုခဲ့ရသည့် www.freshplaza.com ကွန်ယက်၏ သတင်းဆောင်းပါးမှတဆင့် သိရှိခဲ့ရသည်။

ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.freshplaza.com/asia/article/9577314/sri-lanka-to-grow-strawberries-for-export/

★

## နွေရာသီအပူလွန်ကဲမှုသည် ဂျပန်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိ

- ဂျပန်နိုင်ငံသည် ယခုနွေရာသီ အလွန်အမင်းပူပြင်းမှုနှင့် မိုးရွာသွန်းမှုမလုံလောက်ခြင်းတို့ကို ရင်ဆိုင်နေရပြီး သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များအပါအဝင် သီးနှံများ ကြီးထွားမှုကို ဆိုးရွားစွာထိခိုက်စေခဲ့ကြောင်း၊ ယင်းအခြေအနေများကြောင့်တင်ပို့မှုကျဆင်းခြင်းနှင့် ဈေးနှုန်းသိသိသာသာ မြင့်တက်ခြင်းတို့ကို ဖြစ်စေကြောင်း၊
- Tsugaru ပန်းသီးများဟု လူသိများသော Aomori စီရင်စုတွင် ရိတ်သိမ်းမှု၏ (၁၀%) သည် အခွံနှင့် အသီးအတွင်းပိုင်းအရောင်ပြောင်းခြင်းကဲ့သို့သော ပြဿနာများကြောင့် တင်ပို့ခြင်းမပြုနိုင်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း၊ ၎င်းသည် ဒေသတွင်း ပန်းသီးထုတ်လုပ်မှု အတွက် သိသိသာသာ ဆုတ်ယုတ်မှုကို ဖြစ်စေကြောင်း၊ခရမ်းချဉ်သီး၊ မုန်လာဥနှင့် တရုတ်ဂေါ်ဖီထုပ်များကဲ့သို့သော အခြားသီးနှံများမှာလည်း တင်ပို့မှု ကျဆင်းလာပြီး ဈေးနှုန်းများ မြင့်တက်လာကြောင်း၊ အထွက်နှုန်းလျော့ခြင်းနှင့် ဝယ်လိုအားတိုးလာ ခြင်းသည် မရှိမဖြစ်လိုအပ်သော စားသောက်ကုန်များရရှိနိုင်မှုနှင့် ထုတ်လုပ်နိုင်မှုအပေါ် ဖိအားဖြစ် စေကြောင်း (၁၅.၁၁.၂၀၂၃)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Fresh Plaza website ၏ သတင်း ဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.freshplaza.com/asia/article/9577332/extreme-summer-heat-impacts-japanese-fruit-and-veg-production/

★

## စိုက်ပျိုးရေး နှင့် အခြေခံအဆောက်အအုံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် အီဂျစ်နှင့် ဇင်ဘာဘွေတို့ သဘောတူညီခဲ့ကြ

- အီဂျစ်သမ္မတ Abdel Fattah Al-Sisi နှင့် ဇင်ဘာဘွေသမ္မတ Emmerson Mnangagwa တို့သည် အင်္ဂါနေ့တွင် တွေ့ဆုံခဲ့ကြပြီး အထူးအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် နှစ်နိုင်ငံဆက်ဆံ ရေးခိုင်မာစေရန် ၎င်းတို့၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊
- စိုက်ပျိုးရေးကဏ္ဍ နှင့် စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန် စီမံကိန်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သားငါးမွေးမြူရေးဆိုင်ရာ အရင်းအမြစ်များ အသုံးချမှုအား မြှင့်တင်ရေး၊ အီဂျစ်နှင့် ဇင်ဘာဘွေအတွက် စားနပ်ရိက္ခာဖူလုံရေးတို့ကို အာမခံချက်ပေးရန် အရေးကြီးကြောင်း သဘော တူညီခဲ့ကြပြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းများ ပေးအပ်နိုင်ရေးအတွက် အခြေခံ အဆောက်အအုံကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊
- ဇင်ဘာဘွေသမ္မတ Mnangagwa သည် အီဂျစ်နိုင်ငံသို့ လာရောက်လည်ပတ်စဉ်အတွင်း တတိယအကြိမ် အာဖရိကကုန်သွယ်မှုပြပွဲ (IATF) သို့ တက်ရောက်ခဲ့ကြောင်း၊ ဇင်ဘာဘွေသမ္မတသည် အီဂျစ်တွင် တွေ့ကြုံခဲ့ရသော ထူးခြားလှသည့် ခေတ်မီဖွံ့ဖြိုးဆန်းသစ်မှုများအား ထုတ်ဖော်ချီးကျူးခဲ့သည့်အပြင် အီဂျစ်အတွေ့အကြုံ များမှတဆင့် ၎င်းနိုင်ငံအတွက် အကျိုးရှိစေရန် ဆောင်ရွက်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊
- အထူးသဖြင့် နိုင်ငံတကာအကျပ်အတည်းများ၏ စိန်ခေါ်မှုများနှင့်အာဖရိကအတွင်းကုန်သွယ်မှုတိုးချဲ့ရန် လိုအပ်မှု

စာ-၁၇ သို့

## ကြေးမုံငယ်



သဘာဝကဗေး အစားနှင့်ဆေး

# ကြက်သဟင်း

ကြက်သဟင်းပင်၏အင်္ဂလိပ်အမည်မှာ Katuk, star gooseberry နှင့် sweet leaf ဟု ခေါ်ဆိုပြီး ရုက္ခဗေဒအမည် မှာ Sauropus androgynus ဟုခေါ်ဆိုကာ မျိုးရင်း Phyllanthaceae တွင် ပါဝင်၏၊ ကြက်သဟင်းပင်သည် တောင် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ ဖြစ်သည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံတောင်ပိုင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်တို့ တွင် သဘာဝ အလျောက် ပေါက်ရောက်ဖြစ်ထွန်း၏၊ ကြက်သဟင်းပင်သည် ပူနွေးသည့်ရာသီ ဥတုကို နှစ်သက်၏၊ ကြက်သဟင်းရွက်၏ နှစ်လိုဖွယ်ရနံ့နှင့် ချိုမြသောအရသာ၊အထွက်နှုန်းကောင်းခြင်းကြောင့် တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်အဖြစ် လူသိများသော အပင်တစ်မျိုး ဖြစ်၏၊

ကြက်သဟင်းပင်သည် အမြဲစိမ်း နှစ်ရှည်ခံချုံ ပင်မျိုးဖြစ်ပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးဖြစ်ထွန်း နိုင်သော အပင်မျိုးဖြစ်၏၊ အပင်အမြင့် ၆ ပေခန့် ထိ ရှင်သန်ကြီးထွားနိုင်၏၊ အရွက်များမှာ ပါးလွှာကာ ဘဲဥပုံသဏ္ဌာန်ရှိပြီး အစိမ်းရင့်ရောင်ရှိ၏၊ ရွက်ရိုးတံလေးတွင်ကပ်လျက် အရွက်လေးများရွက်ချင်းဆိုင်ထွက်တတ်၏၊ အရွက်များ၏အောက်တွင်ပုန်းကွယ်ပြီးပွင့်နေသော အဝါနရောင်၊အနီဖျော့ရောင်သေးငယ်သော ပန်းပွင့် လေးများစွာရှိ၏၊ ခရမ်းဖျော့ရောင် လုံးဝန်းသော အသီးငယ်လေးများ စီတန်းကာသီးပြီး အစေ့မှာဘဲဥပုံသဏ္ဌာန်ရှိ၏၊

ကြက်သဟင်းရွက်တွင် ပရိုတင်းနှင့် အမျှင်ဓာတ်တိုကြွယ်ဝစွာ ပါဝင်၏၊ ငှက်ပျောသီးနှင့် ပဲပုပ်တို့ကဲ့သို့ပင် ပိုတက်စီယမ်နှင့် ဖော့စ်ဖရပ်စ်တို့ လည်း ကြွယ်ဝစွာပါဝင်၏၊ ထို့အပြင် ကယ်လ်စီယမ်၊ သံဓာတ်၊ ရီဘိုဖလာဗင်၊ ကော့ပါး၊ နိုင်ရာစင်၊ သွပ်ဓာတ်၊ ဗီတာမင်အေ နှင့်စီတို့အပြင် အခြားသော အာဟာရဓာတ်များစွာပါဝင်၏၊

ကြက်သဟင်း ရွက် ကို စားသုံးခြင်းဖြင့် အောက်ဖော်ပြပါကျန်းမာရေး အကျိုးကျေးဇူးကောင်းများစွာကို ရရှိနိုင်မည်ဖြစ်၏၊

ကြက်သဟင်းရွက်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်ပြီး ယင်းတို့သည် ခန္ဓာကိုယ်ရှိ ဆဲလ်များပျက်စီးခြင်း၊ ကိုယ်လက်ရောင်ရမ်း နာကျင်ခြင်းတို့မှ ကာကွယ်ပေးနိုင်စွမ်းရှိ၏၊

ဗီတာမင်စီကြွယ်ဝစွာပါဝင်သည့် ကြက်သဟင်းရွက်သည် အရေပြားဆဲလ်များ၏ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သည့် ကိုလာဂျင်ဖြစ်ထွန်းမှု ကောင်းမွန်စေရန် အထောက် အကူပေးခြင်း၊ ထိခိုက်ရှနာများကို အမြန်ဆုံး သက်သာစေခြင်းတို့ကို ပေးစွမ်းနိုင်၏၊

ကြက်သဟင်းရွက်မှ ထုတ်ယူရရှိသည့် ethanolic extract သည်နမိုးနီးယားအဆုတ်ရောင်နာရောဂါဖြစ်ပွားခြင်းမှ ကာကွယ် ပေးနိုင်သကဲ့သို့ နှာခေါင်းနှင့် အူလမ်းကြောင်း တို့တွင် ဘက်တီးရီးယားမှ တဆင့် ကူးစက်တတ်သည့် ရောဂါများ ခံစားရခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိ၏၊

သွေးအတွင်း သကြားဓာတ်ပမာဏမြင့်တက်လာခြင်းသည် ဆီးချိုရောဂါ ဖြစ်ပွားစေရန် ကနဦးအစပျိုးခြင်းဖြစ်၏၊ ကြက်သဟင်းရွက်တွင် ဆီးချိုရောဂါကို ကာကွယ်နိုင်သည့် ဓာတ်များပါဝင်ပြီး သွေးအတွင်းသကြား ပါဝင်မှုပမာဏကို ထိန်းညှိပေးနိုင်စွမ်းရှိ၏၊

ကြက်သဟင်းရွက်တွင် သဘာဝပစ္စည်းများဖြစ်သည့် အမျှင်ဓာတ်၊ ဖလေဗနွိုက်နှင့် ရေဓာတ်တို့ပါဝင်သည့်အတွက် ဆာလောင်မှုကို အချိန် အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်စွမ်း ရှိသည့်အတွက် အဝလွန်ခြင်းမှ ကာကွယ် ပေးနိုင်ပြီး ကိုယ်အလေးချိန် လျှော့ချလိုသူများအတွက်လည်း သင့်လျော်သည့် ဟင်းရွက်တစ်မျိုးဖြစ်၏၊

ကြက်သဟင်းရွက်တွင် သွပ်ဓာတ်ပါဝင်မှုမြင့်မားစွာပါဝင်ခြင်းကြောင့် သွေးအတွင်းသကြားဓာတ်ပမာဏကို တည်ငြိမ်မှုရှိစေရန် ထိန်းညှိပေးထားနိုင်၏၊

ကယ်လ်စီယမ်၊ ကော့ပါးနှင့် နိုင်ရာစင်တို့ကြွယ်ဝစွာပါဝင်သည့် ကြက်သဟင်းရွက်သည် သွေးကြောများ၏ ကျန်းမာရေးကို ကြံ့ခိုင်ကောင်းမွန်စေရန် ထိန်းညှိပေးနိုင်၏၊ ကြက်သဟင်းရွက်တွင် သံဓာတ်ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ဟေမိုဂလိုဘင် ထုတ်လုပ်မှု ကို အားပေးပြီး သတ်မှတ်ပမာဏရှိစေရန် ထိန်းပေးထားနိုင်၏၊

ကြက်သဟင်းရွက်တွင် ကြွယ်ဝစွာပါဝင်သည့် ရီဘိုဖလာဗင်ဓာတ်ကြောင့် သွေးကြောများခဲခြင်း၊ ပိတ်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိ၏၊

ကယ်လ်စီယမ်၊ ရေဓာတ်နှင့် ကြေးနီဓာတ်တို့ကြွယ်ဝစွာပါဝင်သည့်ကြက် သဟင်းရွက်ကို ပုံမှန် စားသုံးပေးခြင်းဖြင့် သွေးဖိအားမြင့်ခြင်း(သွေးတိုးခြင်း)ကို ကာကွယ်ပေးနိုင်၏၊

ကယ်လ်စီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သည့် ကြက်သဟင်းရွက်သည် ကိုယ်ခန္ဓာအတွင်းရှိ အက်စစ်ဓာတ်ပါဝင်မှုပမာဏကို မျှခြေဖြစ်စေရန်ထိန်းပေးထားနိုင်၏၊



သံဓာတ်နှင့် ရီဘိုဖလာဗင် ကြွယ်ဝစွာပါဝင်သည့် ကြက်သဟင်းရွက်သည် သွေးအားနည်းခြင်းမှလည်း ကာကွယ်ပေးနိုင်၏၊

ကြက်သဟင်းရွက်တွင် ကယ်လ်စီယမ်၊ ဖော့စ် ဖရပ်စ်၊ ကြေးနီနှင့် သွပ်ဓာတ်တို့ ကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် လေဖြတ်နိုင်ခြေမှလည်းကာကွယ်ဟန့်တားပေးနိုင်၏၊

ဗီတာမင်အေဓာတ်ကြွယ်ဝစွာပါဝင်သည့် ကြက်သဟင်းရွက်ကို ပုံမှန် စားသုံးပေးခြင်းဖြင့် မျက်လုံး၏ကျန်းမာရေး၊ အမြင်အာရုံကို ကောင်း မွန်စေခြင်းအတွက် လည်း အထောက်အကူပြုစေ၏၊

အဖျားရောဂါများနှင့် ပြည်တည်နာများအတွက် ကြက်သဟင်းရွက်ကို အနာအုံ ဆေးအဖြစ်အသုံးပြုကြ၏၊

အိပ်စက်လျှင် ဟောက်တတ်သူများနှင့် သွား ကြိတ်တတ်သူများအတွက် ကြက်သဟင်းရွက် ကို သင့်တင့်လျောက်ပတ်သည့်ပမာဏတစ်ရပ်သတ်မှတ်ကာ ပုံမှန် စားသုံးပေးခြင်းဖြင့်သက်သာစေ၏၊

အာဟာရတန်ဖိုးမြင့်မားသည့် ကြက်သဟင်းပင်သည် ပြုစုစောင့်ရှောက်ရန် လိုအပ်ချက် အနည်းဆုံးသော အပင်မျိုးဖြစ်သည့်အတွက် ပန်းအိုးလေးထဲတွင် အလွယ်တကူ စိုက်ပျိုး ထားနိုင်သကဲ့သို့ မြေပိုရှိပါကလည်း အိမ်ခြံဝင်းထဲ တွင်လည်း စိုက်ပျိုးထားခြင်းဖြင့် မိမိတို့ လိုအပ် သည့် အချိန် အလွယ်တကူ ဆွတ်ခူး ချက်ပြုတ်စားသောက်နိုင်၏၊

ကြက်သဟင်းကို အစိမ်းအတိုင်းဖြစ်စေ၊ ရေနွေးဖျောပြီးဖြစ်စေ ငါးပိရည်ကျို၊ ငပိထောင်း၊ ငပိသုပ်၊ ခရမ်းချဉ်သီးထောင်းစသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးနိုင်၏၊

ကြက်သဟင်းရွက်ကို ငပိ၊ ဆား၊ ပုစွန်ခြောက်၊ ကြက်သွန်ဖြူ ငရုတ်ကောင်း ဟင်းရည် သို့မဟုတ် အရိုးပြုတ်ဟင်းချိုရည်တည်ပြီးမှ အရွက်ခပ်ပြီး ဟင်းခါး၊ ဟင်းချိုရည်အဖြစ်ချက်ပြုတ်စားသုံးနိုင်၏၊

ကြက်သဟင်းရွက်ကို ကြက်သွန်ဖြူ ဆီသတ်၊ ကြက်ဥ/ဘဲဥ သို့မဟုတ် ပုစွန်ခြောက်/ငါးနီတူ ခြောက်တို့ကို ခပ်ကာ ရေနွေးဆူဆူအနည်းငယ် ထည့်၊ ပြီးလျှင် ကြက်သဟင်းရွက်အုပ်ပြီး ကြော်ချက်လေးလည်း ချက်စားနိုင်၏၊

ကြက်သဟင်းရွက်နုလေးများကို ရေနွေးလေးဖျောပြီး အသုပ်သုပ်စားကြသကဲ့သို့ အနည်းငယ်ရင့်သည့် အရွက်များကို ကြော်စား၊ ဟင်းချိုခပ် အရွက် အဖြစ် ချက်ပြုတ်စားသောက်နိုင်သည်၊

ကြက်သဟင်းရွက်နုလေးများကိုဆန်မှုန့်နှစ်ဖျော်နှင့် ရောစပ်ကာ တန်ပူရာကြော်ကဲ့သို့လည်း ကြော်စားနိုင်၏၊ မန်ကျည်းမှည့်အနှစ်တိုက်ယူကာ ငံပြာရည်၊ ပဲမှုန့်၊ ငရုတ်သီးလှော်မှုန့်၊ နံနံ ပင်၊ ကြက်သွန်ဖြူထောင်းတို့ဖြင့် ရောစပ်ကာ ချဉ်ငံစပ်ဆော့စ်ဖျော်လေးနှင့် တွဲဖက်ပြီး တို့စားနိုင်၏၊

ကြက်သဟင်းအသီးလေးများကိုလည်း သင်္ဘောဆီးဖြူသီးကဲ့သို့ပင် စားသုံးနိုင်၏၊

ကြက်များကိုအစာကျွေးသည့်အခါ ကြက်သဟင်းရွက်ရောစပ်ပြီး ကျွေးပါက ကြက်ဥအနှစ် အရောင်ကို ပိုမိုတောက်ပ လှပစေ၏၊

ကြက်သဟင်းပင်များကို ခြံစည်းရိုးတစ်လျှောက် စိုက်ပျိုးထားခြင်းဖြင့် အိမ်ခြံဝင်းကို လုံခြုံစေ သည့်အပြင် အညွန့်အရွက် အသီးလေးများကို လည်း အလွယ်တကူ ခူးဆွတ်စားသုံးနိုင်၏၊

သတိပြုရန်အချက်မှာကြက်သဟင်းရွက်ကို အလွန်အကျွံစားသုံးမိပါက ခေါင်းကိုက်ခြင်း၊ ခြေဆစ်လက်ဆစ်များ ကိုက်ခဲနာကျင်ခြင်းများဖြစ်တတ်၏၊

သဘာဝတရား၏ လက်ဆောင်မွန် ကြက်သဟင်းပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင် ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏၊

ကြေးမုံငယ်

■

တို့ကြောင့် သမ္မတ(၂)ဦးသည် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် အာဖရိကတိုက်၏ ကျယ်ပြန့်စွာ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများ မြှင့်တင်ရေးအတွက် အာဖရိကတိုက်အတွင်း လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (AfCFTA) ၏ အဓိကအခန်းကဏ္ဍကို အလေးပေးပြောကြားခဲ့ကြောင်း၊

- သီးခြားတွေ့ဆုံမှု၌ သမ္မတ Al-Sisi သည် ဝန်ကြီးချုပ် Mostafa Madbouly ၊ ထောက်ပံ့ရေး နှင့် ပြည်တွင်းကုန်သွယ်မှုဝန်ကြီး Ali Al-Mosilhiတို့အား တွေ့ဆုံကာ နိုင်ငံတကာ အကျပ်အတည်းများ ဆက်တိုက် ဖြစ်ပွားနေသော်လည်း နိုင်ငံသားများအတွက် အခြေခံလိုအပ်သည့် ကုန်ပစ္စည်းများပံ့ပိုးပေးရန်နှင့်လုံလောက်သောအရန်များ ထားရှိရန်တို့အတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အကျဉ်းချုံး ပြောကြားခဲ့ကြောင်း၊
- အီဂျစ်နှင့် ညီနောင်သဖွယ် ဆက်နွှယ်လျက်ရှိသည့် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်း ပြည်သူများအား စားသောက်ကုန်မျိုးစုံ တန်ချိန်(၆၅၀)ရှိသည့် ထပ်လောင်းရိက္ခာများ ထပ်မံထောက်ပံ့ပေးရန် သမ္မတ Al-Sisi မှ ညွှန်ကြားခဲ့ကြောင်း(၁၅.၁၁.၂၀၂၃)ရက်နေ့တွင်ထုတ်ပြန်သည့် Daily News Egypt သတင်းအရ သိရှိရပါသည်။

ဒေါ်နှင်းရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.dailynewsegypt.com/2023/11/15/egypt-zimbabwe-agree-to-boost-cooperation-in-agriculture-infrastructure/

★

## စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ ပုံမှန်မြင့်တက်မှု နှေးကွေးလျော့ကျလာ

- စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းညွှန်းကိန်းသည် စက်တင်ဘာလတွင် လစဉ်(၂.၆%) မြင့်တက်ခဲ့ပြီး ဩဂုတ်လတွင် စံချိန်တင်မြင့်တက်ခဲ့သော(၆.၉%)မှ လျော့ကျခဲ့ကြောင်း၊ အကျိုးဆက် အနေဖြင့် သွင်းအားစုဈေးနှုန်းများ တစ်နှစ်ထက်တစ်နှစ် တိုးလာမှုသည် (၄၁.၃%)မှ (၄၀.၉၇%)သို့ လျော့ကျသွားကြောင်း Turkish Statistical Institute (TÜİK)မှ အချက်အလက်များအရ သိရကြောင်း၊
- သွင်းအားစုဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှစ၍(၃၃%)မြင့်တက်ခဲ့ကြောင်း၊ တိရစ္ဆာန်ဆေးကုစရိတ်၏ အညွှန်းကိန်းသည် (၁၀၇%)နီးပါး မြင့်တက်သွားပြီး လယ်ယာလုပ်ငန်းအဆောက်အဦတည်ဆောက်မှုကုန်ကျစရိတ်(၆၅%)တိုးလာကြောင်း၊ တောင်သူများ၏ စွမ်းအင်နှင့် စက်သုံးဆီ ချောဆီ ကုန်ကျစရိတ်များသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက (၄၀%)နီးပါး မြင့်တက်နေချိန်တွင် မျိုးစေ့ဈေးနှုန်းများသည်နှစ်စဉ်(၄၅%) ကျော်မြင့်တက်လာခဲ့ကြောင်း၊ တိရစ္ဆာန်အစာစရိတ်သည် တစ်နှစ်ထက်တစ်နှစ် (၂၆%)ကျော် မြင့်တက်ခဲ့ကြောင်း၊ တောင်သူများသည် လွန်ခဲ့သည့် တစ်နှစ်အတွင်း ပိုးသတ်ဆေးအတွက် (၂၇%)ပိုမိုပေးဆောင်ခဲ့ရပြီး စက်ယန္တရားများပြုပြင်ထိန်းသိမ်းမှုစရိတ်သည်(၆၀%)နီးပါး မြင့်တက်လာခဲ့ကြောင်း၊
- နောက်ဆုံးကာလ၏ ငွေကြေးဖောင်းပွမှု အချက်အလက်များအရ စားသောက်ကုန်ဈေးနှုန်း များသည် အောက်တိုဘာလတွင် လစဉ် (၃.၂%)မြင့်တက်ခဲ့ပြီး နှစ်စဉ် (၇၂%) အထိ တိုးလာခဲ့ကြောင်း၊ ပြုပြင်မွမ်းမံထားခြင်းမရှိသော စားသောက်ကုန်ဈေးနှုန်းများသည် လစဉ်(၄.၁%)မြင့်တက် လာခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၉၀%)တိုးလာခဲ့ကြောင်း၊ လတ်ဆတ်သောသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် ဈေးနှုန်းများသည် (၀.၄%)သာ မြင့်တက်ခဲ့ကြောင်း၊
- ပြုပြင်ပြီး စားသောက်ကုန် ဈေးနှုန်းများသည် လစဉ် (၂.၅%) မြင့်တက်ခဲ့ပြီး နှစ်စဉ်(၅၈.၆%) အသီးသီးမြင့်တက်ခဲ့ကြောင်း (၂၂.၁၁.၂၀၂၃)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော hurriyetdailynews website သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်ပောမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.hurriyetdailynews.com/pace-of-increase-in-agricultural-input-prices-slows-188027

★

## ဥဇဘက်ကစ္စတန်တွင် ကြက်သွန်နီဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိ

- ဥဇဘက်ကစ္စတန်နိုင်ငံရှိ ကြက်သွန်နီ လက်ကားဈေးနှုန်း အခြေအနေမှာ လွန်ခဲ့သည့် (၃)ပတ်အတွင်း ပြည်ပဝယ်လိုအား လျော့နည်းနေပြီး ပြည်တွင်းဈေးကွက်တွင် ရောင်းလိုအား တိုးလာခြင်းကြောင့် ဈေးနှုန်းမှာ (၁၈%) ကျဆင်းသွားသည်ဟု East Fruit မှ ဈေးကွက်ကျွမ်းကျင်သူများက ပြောကြောင်း၊
- East Fruit ၏ ဈေးနှုန်းစောင့်ကြည့်မှုအရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက်နေ့မှ နိုဝင်ဘာလ (၁၀)ရက်နေ့အထိ ကြက်သွန်နီလက်ကားဈေးသည် (၁)ကီလိုလျှင် ဥဇဘက်ကစ္စတန်ငွေ (၂၂၀၀)မှ (၁၈၀၀)သို့ (အမေရိကန်ဒေါ်လာ ၀.၁၈ မှ ၀.၁၅ သို့) ကျဆင်းသွားကြောင်း သိရှိရကြောင်း၊ လက်ရှိ လက်ကားဈေးနှုန်းများသည် ယခင်နှစ်များထက် (၁.၇)ဆ နိမ့်ကျလျက်ရှိပြီး (၂၀၂၁)ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းနှင့် တူညီလုနီးပါးရှိကြောင်း၊
- ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ နှင့် နိုဝင်ဘာလများတွင် ကြက်သွန်နီဈေးနှုန်း အတော်အတန်မြင့်မားနေခြင်းမှာ ရုရှားနိုင်ငံမှ ယူကရိန်းနိုင်ငံရှိ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သည့်နေရာများကို ဖျက်ဆီးခဲ့သည့်အတွက် နိုင်ငံခြားဈေးကွက်တွင် ယူကရိန်းကဲ့သို့သော ပုံမှန်မဟုတ်သည့် ဝယ်လိုအား မြင့်မားခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဥပမာအားဖြင့်၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလနှင့်နိုဝင်ဘာလပထမ(၁၀)ရက်အတွင်း ဥဇဘက်ကစ္စတန်နိုင်ငံသည် ကြက်သွန်နီ တန်ချိန်(၁၇၁၀၀) တင်ပို့ခဲ့ပြီး ယခုကာလနှင့်နှိုင်းယှဉ်ပါက ကြက်သွန်နီတင်ပို့နိုင်မှု ပမာဏသည် (၁၀)ဆ လျော့နည်းခဲ့ကြောင်း၊
- အခြားတစ်ဖက်တွင်ကုန်သည်များ၏အဆိုအရ ပြည်တွင်းဈေးကွက်တွင် ကြက်သွန်နီအမြောက်အမြားရှိပြီး ရောင်းလိုအားသည် ဝယ်လိုအားထက် ကျော်လွန်သောအခါ "ဝယ်သူအကြိုက်ဈေးကွက်"ဟုပြောရလောက်သည့် ဈေးကွက်ပုံစံမျိုးဖြစ်နေကြောင်း၊ အဘယ့်ကြောင့်ဆိုသော် (၂၀၂၃) ခုနှစ်တွင် ဥဇဘက်ကစ္စတန်ရှိ ကြက်သွန်နီထုတ်လုပ်မှု အလွန်မြင့်မားခြင်းကြောင့် ဖြစ်ကြောင်း၊
- ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအကုန်တွင် Uzbekistan သည် (၂၀၂၃)ခုနှစ်တွင် စံချိန်တင်ကြက်သွန်ရိတ်သိမ်းနိုင်ဖွယ်ရှိသည်ဟု East Fruit မှရေးသားခဲ့ကြောင်း၊ ကြက်သွန်ရိတ်သိမ်းမှုပမာဏ သိသိသာသာတိုးလာနိုင်သည်ဟု ခန့်မှန်းထားသော်လည်း အဆိုးဆုံးအခြေအနေမှာ နှစ်စဉ်ပျမ်းမျှထုတ်လုပ်မှုပမာဏနှင့် နှိုင်းယှဉ်ပါက အနည်းဆုံး (၃၀-၄၀%)တိုးလာသည်ဟုယူဆကြကြောင်း၊
- ဥဇဘက်ကစ္စတန်မှ သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမားမှုကို ထည့်သွင်းစဉ်းစားမည်ဆိုပါက ပိုလျှံထုတ်လုပ်မှုကို တင်ပို့ရန် သိသိသာသာ အလားအလာမရှိဟု East Fruit မှ ဈေးကွက် ကျွမ်းကျင်သူများက သတိပေးခဲ့ကြောင်း (၂၀-၁၁-၂၀၂၃) ရက်နေ့တွင် ထုတ်ဝေခဲ့သော Fresh Plaza ကွန်ရက်ဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.freshplaza.com/asia/article/9578610/onion-prices-in-uzbekistan-continue-to-decline/

★

## Mark Furner သည် ဂျပန်နိုင်ငံအတွင်း၌ ကွင်းစလန်ပြည်နယ်၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေး

- ကွင်းစလန်ပြည်နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေလုပ်ငန်းဝန်ကြီး Mark Furner သည် ဂျပန်နိုင်ငံအတွင်းရှိ တင်သွင်းသူများ၊ ထုတ်လုပ်သူများ၊ အစိုးရကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံဆွေးနွေးမှု ၄ ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊
- ၎င်းတွင် Starzen၊ Salad Club၊ Fast Retailing၊ Hibaya-Inn နှင့် EcoWood အပါအဝင် ဂျပန်အစားအစာနှင့်အမျှင်ထုတ်ကုန်ထုတ်လုပ်သူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံမှုများပါဝင်မည်ဖြစ်ကြောင်း၊
- ကွင်းစလန်ပြည်နယ်နှင့်ဂျပန်အစိုးရ ကတိပြုထားသောရာသီဥတုကို အဓိကဦးတည် ချမှတ်ထားသည့် ပန်းတိုင်များသည် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးကဏ္ဍကိုဦးတည် နိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးပွဲတစ်ခုလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊
- ကြေငြာချက်တစ်ခုတွင် Furner က ၎င်း၏ရည်မှန်းချက်သည်ကွင်းစလန်ပြည်နယ်၏ရေရှည်တည်တံ့သော အစားအစာနှင့် အမျှင်ထုတ်ကုန်များ ဂျပန်ဈေးကွက်သို့ ရောက်ရှိနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးရန်ရည်ရွယ်ထားသည်ဟု ပြောကြားခဲ့ကြောင်း၊
- "ဂျပန်ဈေးကွက်သည် စားသုံးသူအပေါ်တိုက်ရိုက်သက်ရောက်မှုရှိသော ဈေးနှုန်းနှင့်အတူ ဖွံ့ဖြိုးပြီးဈေးကွက်တစ်ခုဖြစ်သော်လည်းကွင်းစလန်ပြည်နယ်၏အစားအစာနှင့် အမျှင်ထုတ်ကုန်များသည် အရည်အသွေးဆိုင်ရာမှတ်ချက်ကောင်းရှိနိုင်သည်" ဟု Furner မှ ပြောကြားခဲ့ကြောင်း၊ "ကျွန်ုပ်တို့၏ အရည်အသွေးကောင်းအသား၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ ပင်လယ်စာနှင့် အမျှင်ထွက်ကုန်များကို ပိုမိုတင်ပို့ရန် အခွင့်အလမ်းရှိပါကြောင်း၊ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ စိုက်ပျိုးထုတ်လုပ်မှု

ကွင်းဆက်များနှင့် ဒေသအဖွဲ့အစည်းများအတွင်း အလုပ်အကိုင်များ ပိုမိုရရှိစေဟု" ပြောကြားခဲ့ကြောင်း၊

- ၂၀၂၂-၂၀၂၃ တွင် ဂျပန်သို့ ကွင်းစလန်ပြည်နယ်၏ စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုဈေးကွက်သည် ပြည်နယ်အတွက် တတိယအကြီးဆုံးဈေးကွက်ဖြစ်ပြီး ဂျပန်နိုင်ငံသို့ အမဲသား တင်ပို့မှုမှာတန်ဘိုးအားဖြင့် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိကြောင်း၊
- Furner ၏ရည်မှန်းချက်အစီအစဉ်တွင် ကွင်းစလန်ပြည်နယ်၏ အမဲသားတင်ပို့ ရောင်းချသူများနှင့် ဂျပန်နိုင်ငံမှ တင်သွင်းသူများအတွက်တိုကျိုမြို့တွင် အမိကချိတ်ဆက်တွေ့ဆုံပွဲတစ်ခုအပြင် အထူးစူပါမားကတ်တစ်ခု၏ စတိုးဆိုင်တွင်း အရောင်းမြှင့်တင်ခြင်းအစီအစဉ် တစ်ခုလည်း ပါဝင်ကြောင်း၊ ဗုဒ္ဓဟူးနေ့တွင် အဆိုပါအဖွဲ့သည် တိုကျိုမြို့ရှိ Yaoko စတိုးတွင် ကွင်းစလန်ပြည်နယ်မှ ထုတ်ကုန်များ စမ်းသပ်စားသောက်ခြင်း အစီအစဉ် ပါဝင်မည်ဖြစ်ကြောင်း၊
- "တည်မြဲခိုင်မာပြီး ယုံကြည်ရမည့် ရေရှည်ဆက်ဆံရေးကို တည်ဆောက်ခြင်းသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အောင်မြင်မှုသော့ချက်ဖြစ်သည်" ဟု လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေလုပ်ငန်းဝန်ကြီးက ပြောကြားခဲ့ကြောင်း၊
- "ဂျပန်နိုင်ငံရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကွင်းစလန်အဖွဲ့သည် ကွင်းစလန်ပြည်နယ်နှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များကြားချိတ်ဆက်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းခရီးစဉ်က ကွင်းစလန်ပြည်နယ်အတွက် အရေးကြီးသော ခရီးစဉ်ဖြစ်ပါကြောင်းနှင့် ဂျပန်မိတ်ဆွေများအတွက် အားဖြည့်ပေးမည့်ခရီးစဉ်"ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို (၂၁ - ၁၁ -၂၀၂၃)ရက်နေ့ထုတ်www.themandarin.com သတင်းအရသိရှိရပါသည်။

ဒေါ်အေးအေးခိုင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.themandarin.com.au/235044-mark-furner-talks-up-qlds-trade-opportunities-in-japan/

★

## ၂၀၂၃ ခုနှစ်၊နိုဝင်ဘာလ ဒုတိယ (၁၅)ရက် အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၄၀၀၀ | ၁၄၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ |
| နှမ်းဆီ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၁၃၀၀၀ |
| နေကြာဆီ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၁၁၅၀၀ | ၁၂၅၀၀ |
| စားအုန်းဆီ | ၉၀၀၀ | - | ၇၀၀၀ | ၉၅၀၀ | ၈၀၀၀ |

## ၂၀၂၃ခုနှစ်၊နိုဝင်ဘာလ ဒုတိယ (၁၅)ရက် အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေသြဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ရွှေဝတီ |
| ယူရီးယား | | | | | |
| - မြင်းပျံ | ၈၅၀၀၀ | ၈၆၀၀၀ | ၇၈၀၀၀ | ၇၈၀၀၀ | ၈၁၀၀၀ |
| -ရွှေတောင် | ၈၃၀၀၀ | ၈၃၀၀၀ | ၈၀၀၀၀ | ၇၉၀၀၀ | ၇၇၀၀၀ |
| - ဩဘာ/ ကောမက် | - | ၈၆၀၀၀ | ၈၀၀၀၀ | ၈၀၀၀၀ | ၇၉၀၀၀ |
| - ရွှေနဂါး | ၇၅၀၀၀ | ၁၁၅၀၀၀ | ၈၀၀၀၀ | ၇၅၀၀၀ | ၇၇၅၀၀ |
| - ဝီစာရ | - | ၈၈၀၀၀ | - | - | - |
| တီစူပါ | | | | | |
| - သံကွင်း | - | ၁၁၀၀၀၀ | - | ၇၀၀၀၀ | ၁၀၂၀၀၀ |
| - အာမို | ၁၂၀၀၀၀ | ၁၃၈၀၀၀ | ၁၀၀၀၀၀ | ၇၂၀၀၀ | ၉၁၀၀၀ |
| - ဩဘာ/ ကောမက် | ၁၃၀၀၀၀ | ၁၁၄၀၀၀ | ၁၀၂၀၀၀ | ၇၂၀၀၀ | ၁၀၅၀၀၀ |
| - ဝီစာရ | - | ၁၁၀၀၀၀ | ၁၀၂၀၀၀ | ၉၅၀၀၀ | - |
| ပိုတက်ရှ် | | | | | |
| - မာကိုတာ | ၁၂၀၀၀၀ | ၁၁၄၀၀၀ | ၁၂၅၀၀၀ | ၉၀၀၀၀ | ၁၁၇၀၀၀ |
| - ဝီစာရ | - | ၁၃၄၀၀၀ | - | - | - |
| - အာမို | ၁၂၅၀၀၀ | ၁၃၈၀၀၀ | ၁၃၀၀၀၀ | ၁၂၀၀၀၀ | ၁၂၀၀၀၀ |
| - ဩဘာ | - | ၁၁၅၀၀၀ | ၁၃၀၀၀၀ | ၁၁၀၀၀၀ | ၁၁၁၅၀၀ |
| ကွန်ပေါင်း | | | | | |
| - ဩဘာ/ ကောမက် | ၁၆၀၀၀၀ | ၁၃၅၀၀၀ | ၁၅၅၀၀၀ | ၁၃၃၀၀၀ | ၁၁၅၀၀၀ |
| - အာမို | ၁၆၅၀၀၀ | ၁၃၅၀၀၀ | ၁၄၅၀၀၀ | ၁၅၃၀၀၀ | ၁၃၇၀၀၀ |
| - ဝီစာရ | ၁၀၂၀၀၀ | ၁၀၀၀၀၀ | ၁၄၅၀၀၀ | ၁၀၀၀၀၀ | - |
| - ရွှေနဂါး | - | ၁၁၀၀၀၀ | - | ၁၁၅၀၀၀ | ၁၀၀၀၀၀ |
| - သံကွင်း | - | ၁၂၀၀၀၀ | - | ၁၂၆၀၀၀ | ၁၂၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | ပဲခူး | စစ်ကိုင်း | ရွှေဝတီ |
| မနောသုခ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ | ၂၅၀၀၀ | ၂၃၃၀၀ |
| ဆင်းသုခ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | ၂၃၃၀၀ |
| ရေမင်း | ၄၀၀၀၀ | ၃၇၀၀၀ | - | ၃၃၀၀၀ | ၂၄၆၀၀ |
| ပေါ်ဆန်း | ၄၀၀၀၀ | - | ၃၅၀၀၀ | ၄၀၀၀၀ | - |

## ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ဒုတိယ (၁၅)ရက် အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ရွှေဝတီ |
| မနောသုခ | ၆၂၀၀၀ | ၈၂၀၀၀ | ၉၅၀၀၀ | ၉၈၀၀၀ | ၆၅၀၀၀ |
| ဆင်းသုခ | ၆၀၀၀၀ | ၈၀၀၀၀ | - | ၉၈၀၀၀ | ၆၅၀၀၀ |
| ရေမင်း | ၈၀၀၀၀ | ၉၄၀၀၀ | ၁၄၅၀၀၀ | ၁၄၆၀၀၀ | ၇၂၁၀၀ |
| ပေါ်ဆန်း | ၁၆၅၀၀၀ | ၁၂၀၀၀၀ | ၁၅၀၀၀၀ | ၁၄၈၀၀၀ | - |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တတိယပတ် နှင့် စတုတ္ထပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု နိုဝင်ဘာလ တတိယပတ် | တင်ပို့မှု နိုဝင်ဘာလ စတုတ္ထပတ် | အတိုး/ အလျော့ |
|---|---|---|---|---|
| မတ်ပဲ | US$ | ၁၃.၄၂ | ၁၂.၄၂၂ | (-)၀.၉၉၈ |
| | ကီလို | ၁၃၅၂၉.၀၅ | ၁၂၉၁၁.၂၀ | (-)၆၁၇.၈၅ |
| ပဲတီစိမ်း | US$ | ၃.၈၆၈ | ၃.၃၆၉ | (-)၀.၄၉၉ |
| | ကီလို | ၅၃၆၆.၈ | ၄၇၈၅.၀၈ | (-)၅၈၁.၇၂ |
| ပဲတီစိမ်းလုံးခြမ်း | US$ | ၀.၉၄၃ | ၁.၁ | (+)၀.၁၅၇ |
| | ကီလို | ၈၂၅.၀ | ၁၀၀၃.၀ | (+)၁၇၈.၀ |
| ပဲစဉ်းငုံ | US$ | ၀.၂၄ | ၀.၄၉၂ | (+)၀.၂၅၂ |
| | ကီလို | ၂၄၀.၀၀ | ၄၈၀.၀ | (+)၂၄၀.၀ |
| ကုလားပဲ | US$ | ၀.၃၃၉ | ၀.၅၃၅ | (+)၀.၁၉၆ |
| | ကီလို | ၄၉၁.၄၅ | ၈၀၄.၀ | (+)၃၀၈.၅၅ |
| ပဲလွန်းဖြူ | US$ | ၀.၂၁၈ | ၀.၃၄ | (+)၀.၁၂၂ |
| | ကီလို | ၁၅၄.၀၀၃ | ၂၉၀.၄၇ | (+)၁၃၆.၄၆၇ |
| မြေထောက်ပဲ | US$ | ၀.၀၉၁ | ၀ | (-)၀.၀၉၁ |
| | ကီလို | ၆၉.၉၈ | ၀ | (-)၆၉.၉၈ |
| ထောပတ်ပဲ | US$ | ၀.၁၉၁ | ၀.၁၇၇ | (-)၀.၀၁၄ |
| | ကီလို | ၂၅၂.၇၉ | ၂၁၄.၈ | (-)၃၇.၉၉ |
| ပဲယင်း | US$ | ၀.၀၀၄ | ၀.၀၁၃ | (+)၀.၀၀၉ |
| | ကီလို | ၂.၉၉၅ | ၁၃.၄၇ | (+)၁၀.၄၇၅ |
| ပဲကြီး | US$ | ၀ | ၀.၁၂ | (+)၀.၁၂ |
| | ကီလို | ၀ | ၂၀၀.၀ | (+)၂၀၀.၀ |
| ပဲကတ္တီပါ (ခွန်တာနီ) | US$ | ၀ | ၀ | ၀.၀၀ |
| | ကီလို | ၀ | ၀ | ၀.၀၀ |
| ပဲကတ္တီပါ (ခွန်တာပြာ) | US$ | ၀ | ၀ | ၀.၀၀ |
| | ကီလို | ၀ | ၀ | ၀.၀၀ |
| ပဲဖြူကလေး | US$ | ၀ | ၀ | ၀.၀၀ |
| | ကီလို | ၀ | ၀ | ၀.၀၀ |
| ဘိုကိတ်ပဲ | US$ | ၀.၀၅၃ | ၀.၂၁၆ | (+)၀.၁၆၃ |
| | ကီလို | ၇၅.၀ | ၂၉၉.၀ | (+)၂၂၄.၀ |
| ပဲပုပ် | US$ | ၀ | ၀ | ၀.၀၀ |
| | ကီလို | ၀ | ၀ | ၀.၀၀ |
| ပဲနီကြား | US$ | ၀ | ၀ | ၀.၀၀ |
| | ကီလို | ၀ | ၀ | ၀.၀၀ |
| နိုင်လွန်ပဲ | US$ | ၀ | ၀ | ၀.၀၀ |
| | ကီလို | ၀ | ၀ | ၀.၀၀ |
| မြေပဲ (အခွံပါ) | US$ | ၀ | ၀ | ၀.၀၀ |
| | ကီလို | ၀ | ၀ | ၀.၀၀ |
| မြေပဲဆံ | US$ | ၀.၀၃၁ | ၀.၀၄၅ | (+)၀.၀၁၄ |
| | ကီလို | ၄၈ | ၆၃.၀ | (+)၁၅.၀ |
| အခြားပဲ | US$ | ၀ | ၀ | ၀.၀၀ |
| | ကီလို | ၀ | ၀ | ၀.၀၀ |
| စုစုပေါင်း | US$ | ၁၉.၃၉၈ | ၁၈.၈၂၉ | (-)၀.၅၆၉ |
| | ကီလို | ၂၁၀၅၉.၀၇၆ | ၂၁၀၆၄.၀၂၆ | (+)၄.၉၅ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။



ကျောဖုံးမှ-

နိုင်သည်။

လက်တွေ့မြင်တွေ့နိုင်သော အကျိုးကျေးဇူးများမှာ ဒီရေတော အပင်များမှတစ်ဆင့် အိမ် အသုံး အဆောင်ပစ္စည်းများကို အလွယ်တကူ ရရှိမည်ဖြစ်သည်။ ဥပမာအားဖြင့် သစ်၊ ထင်းမီးသွေး၊ အမိုးအကာစသည်တို့ဖြစ်သည်။ သို့ရာတွင်ဒီရေတောပင်များကို ပြန်းတီးနိုင် လောက်သည်အထိ အလွန်အကျွံသုံးစွဲခြင်းမှ ကာကွယ်ရမည်ဖြစ်သည်။ ဒီရေတောအပင်များမှ တစ်ဆင့် စားသုံးရန် အသီးအရွက်များလည်း ရရှိနိုင်သည်။ ဥပမာအားဖြင့် ငှက်ကြီးတောင်(မှိုဟင်း)၊ ကန့်ပလာ(ပျားဓီး)၊ ဓနိ(ဓနိရည်)၊ ဓနိဖူးခြောက် အစ ရှိသည်တို့ဖြစ်သည်။ ထိုအပြင်ဒီရေတောများမှာ ဆေးဖက်ဝင်အပင်များလည်းဖြစ်ပါသည်။ ခယာအရွက်၊ အဆိပ်တရာ၊ မိချောင်းကွမ်းဖတ်တို့မှာ တိုင်းရင်းဆေးအဖြစ်အသုံးပြုလျက်ရှိသော ဒီရေတောပင်များဖြစ်သည်။ ပျားရည်၊ ပျားဖယောင်းတို့အား ဒီရေတောပင်များမှ တစ်ဆင့် ရနိုင်သကဲ့သို့ စက်မှုလုပ်ငန်းသုံးပစ္စည်းများလည်းရရှိနိုင်သည်။ ဥပမာ- မဒမခေါက်၊ ဗြူးခေါက်တို့အား ဆိုးဆေးအဖြစ်အသုံးပြုနေကြသည်။ နောက်တစ်ချက်မှာ ဒီရေတောမှတစ်ဆင့် ငါး၊ ပုစွန်၊ ကဏန်း၊ ဂုံး အစရှိသည့် ရေနေသတ္တဝါအများအပြား ရှာဖွေတွေ့ရှိနိုင်ခြင်းဖြစ်၍ လူတို့၏ အစားအတွက်အထောက်အကူပြုမည်ဖြစ်သည်။

လေပြင်းမုန်တိုင်းနှင့် ဆူနာမီကဲ့သို့ ရေလှိုင်း ဒဏ်နှင့် ကမ်းပါးပြိုရေတိုက်စားခြင်းတို့မှ ကာကွယ်ပေးခြင်းဖြင့် ဒီရေတောများသည် လူသားတို့၏ နေ့စဉ်ဘဝအတွက် အထောက်အကူပြုလျက်ရှိလေသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ကို လေထဲမှစုပ်ယူပြီး အောက်ဆီဂျင် လွှတ်ထုတ်ပေးခြင်း၊ ကာဗွန်ဒိုင်အောက် ဆိုက်ကို မြေပေါ်သာမက မြေအောက်တွင် ပိုမိုစုပ်ယူထားနိုင်ခြင်းတို့မှာ အဖိုးမဖြတ်နိုင်သော အထောက်အကူများဟုပင် ဆိုရမည်။ ဒီရေတောများသည် ရေသတ္တဝါတို့ အတွက် အမိကအစာထုတ်လုပ်ပေးသည့်နေရာလည်း ဖြစ်ပြီး ပင်လယ်ရေသတ္တဝါတို့၏ ငယ်စဉ်ဘဝအမိက ကြီးပြင်းရာ ဥချပေါက်ဖွားရာနေရာလည်းဖြစ်သည်။ ဥပမာအားဖြင့် ကျားပုစွန်၊ ကကတစ်၊ ကဏန်းတို့သည် ဒီရေတောများတွင် ဥချပေါက်ဖွားလေ့ရှိသည်။ ဒီရေတောများသည် ကုန်းတွင်းပိုင်းသို့ မြေအောက်မှ ဆားအငန်ဓါတ်စိမ့်ဝင်မှုကို ကာကွယ်ပေးနေပြီး ရေကိုလည်း သန့်စင်ပေးလေသည်။ ဒီရေတောများထူထပ်စွာရှိခြင်း အားဖြင့် သဘာဝ ခရီးသွားလုပ်ငန်းကဲ့သို့သော ဒေသခံများအတွက် ဝင်ငွေရရှိစေမည့် အခွင့်အလမ်းများကို ဖန်တီးပေးပြီး သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းဖြင့်လည်း အထောက်အကူပြုပေးနေသည်။

ဒီရေတောများ ပျက်စီးဆုံးရှုံးရခြင်း၏ အကြောင်းရင်းများတွင် ဒီရေတောများကို ခုတ်ထွင်ရှင်းလင်း၍ လယ်မြေများအဖြစ်ပြောင်းလဲခြင်း၊ ပုစွန်ကန်/ငါးကန်များ တူးဖော်ခြင်း၊ ဆားကွင်းများအဖြစ် ပြောင်းလဲခြင်း၊ မျောတိုင်များခုတ်ယူခြင်း၊ ထင်း၊ မီးသွေးထုတ်ယူခြင်းစသည်ဖြင့် အလွန်အကျွံ ထုတ်ယူခြင်းများကြောင့် ဖြစ်သည်ဟုဆိုသည်။ ဒီရေတောများသည် အထက်တွင် ဖော်ပြပြီးကဲ့သို့သော အရေးပါသည့်နေရာတွင်ရှိနေသော်လည်း နိုင်ငံအများ အပြားတွင် ဒီရေတောများ ပြုန်းတီးလာမှုမှာ စိုးရိမ်စရာအဆင့်သို့ ရောက်ရှိနေပြီဟု ဆိုနိုင်ပါသည်။ ကုန်းမြေသစ်ပင်များထက်(၃)ဆပိုမြန်၍ ပျောက်ကွယ်နိုင်သည်ဟု ယူဆ ကြပါသည်။ ဒီရေတောများအား ပြန်လည်ထိန်းသိမ်းခြင်းဖြင့် လက်ရှိဖြစ်ပေါ်နေမှုကို ပြောင်းပြန်လှန်ရန် အချိန်တန်ပြီဟု ဆိုနိုင်ပါသည်။

ဒီရေတောများ၏ တန်ဖိုးနှင့် အရေးပါပုံတို့ကို ဒေသခံပြည်သူများနှင့် ဒီရေတောကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုနေကြသူများက ကောင်းစွာသိရှိနားလည်ကြသည့် အလျောက် ထိန်းသိမ်းစောင့် ရှောက်သွားလိုကြပြီး ပြင်ပမှလာရောက်၍ ခုတ်လှဲထုတ်ယူမှုများ၊ အခြားစီးပွားရေးလုပ်ငန်းများအတွက် ခုတ်ထွင်ရှင်းလင်းမှုများကို ထိရောက်စွာ တားဆီးပေးစေ လိုကြသည်များ ရှိကြောင်းကိုလည်း သိရှိရသည်။ ယခုအခါသဘာဝ ဘေးအန္တရာယ်များ ကာကွယ်ရေးတွင် အရေးပါသော သဘာဝဒီရေတောများ မပျက်စီး မလျော့နည်းစေရန် ကာကွယ်ထိန်းသိမ်းပြီး ဒီရေတောပေါက်ရောက်ရာဒေသကြီးများ ဖြစ်သည့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့ အပါအဝင်ဒေသများတွင် ဒီရေတောများကို စိုက်ပျိုးလျက်ရှိသည်။ ပင်လယ်နှင့် ကုန်းမြေတို့အကြားကြားခံအဖြစ် ဆားငန်ရေတွင်ပေါက်ရောက် တတ်သည့် တစ်ခုတည်းသော ဒီရေတောပင်များသည် အနည်များကို သန့်စင်စေပြီး သန္တာကျောက်တန်းများ၊ ပင်လယ်မြက်များကို ကာကွယ်ပေးနေသည့်အပြင် ကာဗွန်ဒိုင် အောက်ဆိုက် လျော့ပါးစေရန် အမြင့်ဆုံး စွမ်းရည်ကို ထောက်ပံ့ပေးလျက်ရှိသည်။ ထိုကဲ့သို့ အံ့အားသင့်စရာကောင်းသည့် အပင်များသည် ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနေပြန်သောကြောင့် အကျိုးကျေးဇူးကြီးမား လှပါသည်။

သို့ဖြစ်ရာ ကမ်းရိုးတန်းဒေသများ ကမ်းပြိုမြေပြိုတိုက်စားခံရမှုမှ ကာကွယ်ရေး၊ ရေလှိုင်းဒဏ်နှင့် မုန်တိုင်းဒဏ်တို့မှ ကာကွယ်ရေး၊ ငါး၊ ပုစွန်ရေသယံဇာတများ ပေါများစေမှုတွင် အရေးပါသည့် ဒီရေတောများ မပျက်စီးစေရန် ထိန်းသိမ်းရာတွင်လည်းကောင်း၊ ဒီရေတောများ ထပ်မံစိုက်ပျိုးရာတွင်လည်းကောင်း ဒေသခံပြည်သူများ၊ အစုအဖွဲ့များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း လေ့လာတင်ပြ လိုက်ရပါသည်။

ဇော်ကြီး(ငါးဦးစီး)

Reference;
(1)www.wikipedia. com
(2)Worldview International Foundation

□





# ငါး/ပုစွန်များခိုအောင်းရာ
# ဒီရေတောတို့၏အကျိုးကျေးဇူးများ

ဇော်ကြီး
(ငါးဦးစီး)

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တုမမြောက် ဒီရေတော အများဆုံးပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ ဒီရေတောများသည် ပင်လယ်ကမ်းရိုးတန်း၊ ကမ်းရေတိမ်ပိုင်း၊ ကမ်းတက်မြေများနှင့် ပင်လယ်ဒီရေဝင်ရောက်သော မြစ်ချောင်း ကမ်းစပ်များတွင် သဘာဝအလျောက် ပေါက်ရောက်နေသော တောများဖြစ်ပြီး လူနှင့်အခြားသက်ရှိဇီဝမျိုးစုံတို့အတွက် လွန်စွာအရေးပါသော်လည်း အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးဆုံးရှုံးနေရသည့် သယံဇာတများလည်း ဖြစ်သည်။

ဒီရေတောရှိ အပင်များသည် တန်ဖိုးမရှိဟု သာမန်အားဖြင့် ထင်မြင်ရသော်လည်း ယင်းတို့၏ ထူးခြားသော အမြစ်များနှင့် တစ်စုတစ်ဝေးတည်း ထူထပ်စွာပေါက်ရောက်မှုတို့ကြောင့် ဒီရေလှိုင်းများ၏ ရိုက်ခတ်မှုကို ခံနိုင်ရည်ရှိပြီး ကမ်းပြိုမှုကိုကာကွယ်ပေးနိုင်သည်။ ဒီရေတောများအတွင်း ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေသတ္တဝါများ ရှင်သန်ကျက်စားခြင်း၊ သားပေါက် မျိုးပွားခြင်းတို့ကြောင့် ငါး၊ပုစွန် စသော ရေထွက်သယံဇာတများကို တိုးပွားစေနိုင်ပြီး ပင်လယ်စာထုတ် လုပ်နိုင်မှုကို ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်နိုင်သည်။ ဒီရေတောများသည် ကုန်းမြေပေါ်ရှိ မိုးသစ်တောပင်များထက် ကာဗွန်ဒိုင်အောက်ဆိုက် ၅ဆ ပို၍ စုပ်ယူနိုင်သည်။ သန္တာကျောက်တန်းနှင့် ပင်လယ်မြက်များကို ကာကွယ်ရန်အတွက် ရေသန့်ကို စစ်ထုတ်ပေးသည်။ သက်တမ်းရင့် ဒီရေတောပင်တစ်ပင်သည် လူ(၄)ဦး အတွက် လုံလောက်သော အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည်။ ကမ္ဘာပေါ်၌ နေထိုင်သည့် သက်ရှိများအတွက် အအေးဓာတ်ပေးခြင်း၊ အရေးကြီးသောဂေဟစနစ်ကို ထောက်ပံ့ခြင်းတို့ ပြုလုပ်ပေးသည်။ ဒီရေတောများသည် ကမ်းရိုးတန်းဒေသတွင်ရှိသည့် အားနည်းသော လူမှုပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေသော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ရောက်ရှိအောင် ကူညီပေးနိုင်သည်။ ထို့ပြင် ဒီရေတောများသည် ပင်လယ်ထဲသို့ စီးသွားမည့် အညစ်အကြေး အနယ်အနှစ်များကို စစ်ယူထားသည့်နေရာများလည်းဖြစ်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတွင် အရေးပါသည့် ကာဗွန်ကိုအဓိကသိုလှောင်ထားရာနေရာ တစ်ခုလည်း ဖြစ်သည်။ ဒီရေတော၏အောက်ခြေတွင် ငါး၊ ပုစွန်၊ ကဏန်းနှင့် အခွံမာရေသတ္တဝါများ၊ နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများနေထိုင်ကြသကဲ့သို့ သစ်ပင် များပေါ်တွင်လည်း ကမ်းရိုးတန်းငှက်မျိုးစိတ်အများအပြားနှင့် ရွှေ့ပြောင်း နေထိုင်သော ငှက်မျိုးစိတ်များ ကောင်ရေ ထောင်နှင့်ချီ၍ ရှင်သန်နေထိုင်ကျက်စားလျက်ရှိရာ ဒီရေတောများသည် မုန်တိုင်း၊ ဒီရေလှိုင်း၊ ဆူနာမီစသည့် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်ပေးနိုင်သည့် အစိမ်းရောင်တံတိုင်းကြီးများဖြစ်ကြပြီး ဇီဝမျိုးစုံမျိုးကွဲများ၏ အစိမ်းရောင်ကမ္ဘာငယ်များဟုလည်း ဆိုနိုင်သည်။ ဂေဟစနစ်ကို အထောက်အပံ့ပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ထူးခြားစွာပါဝင်လျက်ရှိသည်။ လက်ရှိကာလအချိန်တွင် ကမ္ဘာမြေပေါ်ရှိ ဒီရေတောဂေဟ စနစ်တို့သည် ထူးခြားထိရောက်လွန်းသော အကျိုးပြုမှုများကို ဆောင်ကြဉ်းပေးလျက် ရှိလေသည်။

သမုဒ္ဒရာများမှ ကာဗွန်စုဆောင်းမှု ၈၃ ရာခိုင်နှုန်းနှင့် ကမ်းရိုးတန်းရှိ ဒီရေ တောများ၊ ပင်လယ်မြက်များနှင့် သန္တာကျောက်တန်းများမှ ၅၀ ရာခိုင်နှုန်းသော မြင်သာ ထင်သာသည့် အကျိုးသက်ရောက်မှုကို ဒီရေတောများက ဆောင်ရွက်သည်။ ယင်းအပြင် ဒီရေတောများသည် ကမ်းရိုးတန်းဒေသတွင် နေထိုင်သူတို့၏ အသက်အိုးအိမ်နှင့် စည်းစိမ်တို့ကို ကာကွယ်ပေးနေသည်ဟု ဆိုလျှင်လည်း မမှားပေ။ဆူနာမီ၊ဆိုင်ကလုန်းနှင့် အခြားသော ပြင်းထန်သော ရာသီဥတုဒဏ်မဖြစ်ပေါ်စေရန် ဒီရေတောများက မားမားမတ်မတ် ကာကွယ်ပေးနေခြင်းဖြစ်လေသည်။

ဒီရေတောများမှ ရရှိနိုင်သော အကျိုးကျေးဇူးများကိုလက်တွေ့မြင်နိုင်သော အကျိုးကျေးဇူးများနှင့်သွယ်ဝိုက်သောအကျိုးကျေးဇူးများ ဟု အခြေခံအားဖြင့် ခွဲခြား

စာ-၁၉ သို့

